မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်၊ ၂၀၀၅ ခုနှစ်၊ ဧပြီ ၉ ရက်၊ စနေနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၉၁)

မျိုးချစ်စိတ်ဓာတ်ရှိရှိ ကြိုးကြိုးစားစားလုပ်ကိုင်ကြ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် အားသုံးအားပေါင်းစပ်၍ မျိုးချစ်စိတ်ဓာတ်ရှိရှိ ကြိုးကြိုးစားစား လုပ်ကိုင်သွားကြ။

ထားဝယ် ဘူတာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထားဝယ်မြို့ ထားဝယ်ဘူတာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုရှိပြီး အလုပ်လုပ်သူဦးရေများပြားလာသည်နှင့်အမျှ တနင်္သာရီတိုင်းသည် မကြာမီကာလအတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည် အလုပ်လုပ်သူများပြားလာရေး စီးပွားရေးအခွင့်အလမ်းကောင်းများ ဖန်တီးပေးထားကသည့်အလိုက် ရင်းနှီးမြှုပ်နှံမှုက တနင်္သာရီတိုင်းပိုမိုဖွံ့ဖြိုးရေးကို အထောက်အကူပြုစေမည်

ရန်ကုန် ဧပြီ ၈

တနင်္သာရီတိုင်း ကော့သောင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊

ကျောဖုံးသို့ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၅ ခုနှစ်၊ ဧပြီလ ၉ ရက်)

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေး နိုင်ငံတော်၏ဦးဆောင်မှုဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းဖော်ဆောင်

ဒို့တာဝန်အရေးသုံးပါးသည် ပြည်သူတစ်ရပ်လုံးနှင့်သက်ဆိုင်သည့် နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်များဖြစ်၍ တိုင်းရင်းသားပြည်သူအားလုံး အလေးထားခံယူရမည့် အမျိုးသားရေးမူဝါဒ ဖြစ်သည်။ ဒို့တာဝန် အရေးသုံးပါးသည် နိုင်ငံတော်အစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် အနှစ်သာရလည်း ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တနင်္သာရီတိုင်းခရီးစဉ်အတွင်း ဧပြီလ ၆ ရက်နေ့က ကော့သောင်းမြို့ ဒေသခံတပ်ရင်း ဘုရင့်နောင်ခန်းမ၌ ကော့သောင်းတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်မိသားစုများ၊ ကော့သောင်းခရိုင်နှင့် ကော့သောင်းမြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ မှာကြားရာ၌–

“ဒို့တာဝန်အရေးသုံးပါးကို အခြေခံ၍ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် အင်အားစုသုံးရပ် ပေါင်းစည်းပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်သွားကြရမှာဖြစ်ကြောင်း။ ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးအတွက် ပြည်ထောင်စုကြီး၏နယ်မြေဒေသအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်ခိုင်မာနေအောင် ကြိုးစား ထူထောင်ကြရန်လိုကြောင်း”

လမ်းညွှန်မှာကြားသွားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ကဏ္ဍအလိုက် အဘက်ဘက်က ကြိုးပမ်းတည်ဆောက်လျက် ရှိသည်။ ထို့အတူ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက်လည်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်၏ စီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည်တို့အပေါ်တွင် အခိုက တည်မှီလျက် ရှိရာ ယခုအခါ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်တစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရပြီ ဖြစ်သည်။

ယင်းကဲ့သို့ တိုးတက်အောင်မြင်မှုများ ရရှိနေသည်မှာ နိုင်ငံတော်၏ မှန်ကန်သော ဦးဆောင်မှုအောက်၌ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများ ညီညီညွတ်ညွတ် ယုံယုံကြည်ကြည်ဖြင့် ချမှတ်ပေးထားသော အစီအမံများ အတိုင်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြ၍ ဖြစ်ပေသည်။

အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုများကို တိုးတက်မှုသဘောအရ ရပ်တန့်၍မနေဘဲ ဆက်လက်တိုးတက်သည်ထက် တိုးတက်အောင်၊ ကောင်းသည်ထက်ကောင်းအောင် သယ်ပိုးဆောင်ရွက်သွားကြရမည် ဖြစ်သည်။ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် စီးပွားရေး တိုးတက်ခိုင်မာအောင်၊ လူတစ်ဦးချင်း ဝင်ငွေ တိုးတက်မြင့်မားအောင်၊ လူနေမှု အဆင့်အတန်း မြင့်မားအောင် ဆက်လက်ကြိုးစားကြရမည် ဖြစ်သည်။

စီးပွားရေး၊ပညာရေး၊ လူမှုရေး၊ကျန်းမာရေး တိုးတက်ခိုင်မာလာမှသာ ပြည်နယ်နှင့်တိုင်း၊ နယ်စပ် ဒေသများပါမကျန် အမျိုးသားရေး ဂုဏ်သိက္ခာ၊ အမျိုးသားရေးအားမာန်တို့ကို ထိန်းသိမ်း မြှင့်တင်ထားနိုင်မည် ဖြစ်သည်။

အထူးသဖြင့် နိုင်ငံတော်ကိုယ်စား အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကို တာဝန်ယူနေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူများ၏ အေးချမ်းလုံခြုံမှုနှင့် အကျိုးစီးပွားဖြစ်ထွန်းမှုများကို စေတနာထားဆောင်ရွက်သွားကြရမည် ဖြစ်သည်။ ပြည်သူများအပိုင်းကလည်း မိမိတို့လိုလားတောင့်တနေသည့် အေးချမ်းသာယာရေးနှင့် လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေး ဖော်ဆောင်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ လက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးအတွက် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်၏ဦးဆောင်မှုအောက်၌ တိုင်းရင်းသားပြည်သူအားလုံးက ညီညီညွတ်ညွတ် ဆက်လက် လက်တွဲ ကြိုးပမ်းဖော်ဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မုံရွာစက်မှုဇုန် လုပ်ငန်းညှိနှိုင်း အစည်းအဝေး တိုင်းမှူးဗိုလ်ချုပ်သာအေး တက်ရောက်မှာကြား

ရန်ကုန် ဧပြီ ၈

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၄ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြသလ္လာခန်းမ၌ ကျင်းပသည့် မုံရွာစက်မှုဇုန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရာ တိုင်းအတွင်းရေးမှူး စက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့် လုပ်ငန်းရှင်များက စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

မုံရွာစက်မှုဇုန်ကို ၁၉၉၂ခုနှစ် ဒီဇင်ဘာလ ၁၆ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပြီး အကျယ်အဝန်းအားဖြင့် ၃ ဒသမ ၁၈ ဧကရှိ၍ လယ်ယာသုံး စက်ကိရိယာများနှင့် ကုန်ထုတ်လုပ်ငန်းအမျိုးမျိုးတွင် အသုံးပြုသည့် စက်ပစ္စည်းများကို တိုးတက်ထုတ်လုပ်နိုင်ရန် အခြေခံ၍ သံရည်ကျိုစက်နှင့် စက်ပစ္စည်းကိရိယာထုတ်လုပ်ရေး စက်ရုံများ တည်ဆောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နန်းသီတာစခန်း(၁) အခြေခံစိုက်ပျိုးမွေးမြူရေး သင်တန်းဖွင့် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၈

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် နန်းသီတာစခန်း(၁) အခြေခံစိုက်ပျိုးမွေးမြူရေးသင်တန်းအမှတ်စဉ်(၉/၂၀၀၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ၅ ရက် နံနက်၁၁နာရီက အဆိုပါစခန်းသင်တန်းခန်းမ၌ကျင်းပသည်။ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်ကြီးတပ်နယ်မှ တပ်ရင်းတပ်ဖွဲ့မှူးများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ ယင်းနောက် တိုင်းမှူးသည် ရပ်စောက်မြို့နယ် တပ်ဦးကျေးရွာရှိ ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက်၏ တပ်ဦး စိုက်ပျိုးရေးခြံသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တိုင်းမှူးအား ခြံတာဝန်ခံ ဦးစိုးထွန်းက ခြံအတွင်း နှစ်ရှည်ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် တိုင်းမှူးက ခြံအတွင်း နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၃ရက်က၂၀၀၄–၂၀၀၅ခု ပညာသင်နှစ် အလက(၈)လှိုင်၏ အခြေခံပညာ အလယ်တန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲတွင် ကျောင်းအုပ်ဆရာမကြီးက အလယ်တန်းဆင့် ကျောင်းသူမဖြူနှင်းအေးအား ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။

(က–ပ)

အထက(၅)မော်လမြိုင် အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၈

တတိယအကြိမ်မြောက် အထက (၅) (စိန်ပက်ထရစ်) မော်လမြိုင် ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို မေ ၁ ရက် (အလုပ်သမားနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ၁၉၈၀ ပြည့်နှစ်အထိ စာသင်ပြခဲ့ဖူးသည့် ဆရာ၊ ဆရာမများ အချိန်မီ သတင်းပို့ကြရန် နှိုးဆော်ထားသည်။

လှူဒါန်းနိုင်

အလှူငွေများကို ဦးသိန်းဇော် ဖုန်း– ၀၉–၅၀–၁၀၆၅၂၊ ၂၄၁၇၀၁၊ ဦးရှိန်ဝင်း ဖုန်း–၀၉၉–၈၂၁၁၉၈၊ ၂၂၆၅၀၀၊ ဦးအုန်းလွင် ဖုန်း–၀၉၅–၀၁၃၂၄၃၊ ၅၂၇၆၆၇နှင့် ဒေါက်တာဥာဏ်ထွန်း ဖုန်း–၀၉၅–၀၀၂၀၉၆၊ မော်လမြိုင်မြို့ နေ ဦးချန်ထွန်း ဖုန်း– ၀၅၇–၂၄၄၃၇၊ ဦးလှရှိန် ဖုန်း– ၀၅၇–၂၄၇၁၇၊ ဦးSSကျော်ဝင်း ဖုန်း– ၀၅၇–၂၄၆၄၄၊ ဦးတင်အောင် ဖုန်း–၀၅၇–၂၄၄၄၆၊ ဦးကိုကို ဖုန်း– ၀၅၇–၂၁၀၇၂နှင့်ဦးရင်မောင် ဖုန်း– ၀၅၇– ၂၁၄၅၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြား

၉–၄–၂၀၀၅

(စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာသကြီ်န်
- ၈:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၈။ ဆရာတော် ဦးဃောသိတ တရားတော် **“ဣန္ဒြေငါးပါးအင်အားညီမှ”**

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မြန်မာသကြီ်န်
- ၄:၂၀ ၄။ ချစ်သူစုံတွဲ တူယှဉ်နွှဲ
- ၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ **“မမှောင်သောအလင်း”** (အပိုင်း–၁၅)
- ၅:၂၀ ၉။ ကြည်နူးရွှင်ပျော်ဖွယ် တေးသရုပ်ဖော်
- ၅:၃၀ ၁၀။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၅:၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“အမြွှာနဲ့ ကြမ္မာ”**(အပိုင်း–၁၀)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ English Premier League ဘောလုံးပွဲ Norurich City Vs Manchester United.



ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊အမှတ်(၂၄)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ် ပညာရေးရာဌာနမှ ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၂၄)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ဝဲပုံ)**

အဆိုပါဂျာနယ်တွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက် မိန့်ခွန်းပြောကြားသည့် သတင်း၊ သိန်းစိန် (အမျိုးသားစာပေ-၁၉၆၅)၊ ကြည်လင်း(ဆေး)၊ ကျော်ဇင်ညွှန့် (တရားရုံးချုပ်ရှေ့နေ)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ မောင်မောင်ဟန်(မကွေး)၊ ညွှန့်ဟံ(ကြူတော)၊ သိပ္ပံစိုးမြင့်နိုင်၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ ခင်မောင်မောင်ရည်(ကန့်ဘလူ)၊ တင်နွဲ့ (ထွေ/အုပ်)တို့၏ ဖတ်ဖွယ်မှတ်ဖွယ်ဆောင်းပါးများ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်း ပါကစ္စတန်မှ ပြန်လည်ရောက်ရှိ အာရှပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ တက်ရောက်ခဲ့

ရန်ကုန် ဧပြီ ၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ အစ္စလာမာဘတ်မြို့၌ ဧပြီ ၅ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့သော စတုတ္ထအကြိမ် အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဝန်ကြီး ဦးဉာဏ်ဝင်းအား ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ စတုတ္ထအကြိမ် အာရှပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှ အာရှ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစ္စလာမာဘတ် လုပ်ငန်းစဉ်နှင့် စတုတ္ထအကြိမ် ဝန်ကြီးများအစည်းအဝေး၏ အစ္စလာမာဘတ် ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

နှစ်နိုင်ငံဆက်ဆံရေး

အစ္စလာမာဘတ်မြို့တွင် အစည်းအဝေး တက်ရောက်စဉ် ဝန်ကြီး ဦးဉာဏ်ဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးတို့နှင့် သီးခြားစီတွေ့ဆုံ၍ နိုင်ငံတကာရေးရာများနှင့် နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စများကို ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

ကိုရီးယား-မြန်မာစီးပွားရေးလုပ်ငန်း တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Importer Association (KOIMA) အဖွဲ့တို့ ပူးပေါင်း၍ ကျင်းပသော ကိုရီးယား-မြန်မာ စီးပွားရေးလုပ်ငန်း တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဦးသောင်းတင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ ဦးထွန်းအောင်၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် ဖိတ်ကြားထားသော စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး H.E. Mr. Lee Ju-Heumနှင့် ကိုရီးယားနိုင်ငံ သွင်းကုန်လုပ်ငန်းရှင်များအသင်း(KOIMA) ဥက္ကဋ္ဌ Mr. Soon Han Kwon တို့က အသီးသီး နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ကိုရီးယားနိုင်ငံ၏ သွင်းကုန်ထုတ်ကုန် လုပ်ငန်းများ အကြောင်းကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီးနောက် ကိုရီးယားအဖွဲ့ဝင်များသည် စီးပွားရေးလုပ်ငန်းအလိုက် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူ စီးပွားရေးလုပ်ငန်းများကို တိုးချဲ့ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် စီးပွားရေးအခွင့်အလမ်းများ ရရှိရေးတို့အတွက် တစ်ဦးချင်း စီးပွားရေးလုပ်ငန်း တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ကိုရီးယား သွင်းကုန်လုပ်ငန်းရှင်များ အသင်း(KOIMA) ဥက္ကဋ္ဌ Mr. Soon Han Kwon တို့က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ဓါတ္ဗေဒဝီအဖွဲ့ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

(၈၂)နှစ်မြောက် မြန်မာနိုင်ငံ ဓါတ္ဗေဒဝီအဖွဲ့ အစည်းအဝေးနှင့် ဘွဲ့တံဆိပ်တော်ရသူအား ချီးမြှင့်ပွဲကို ဧပြီ ၃ ရက် နံနက် ၁၀ နာရီတွင် အဖွဲ့တည်ရာ အမှတ်(၉) ကြားတောရလမ်း ဗဟန်းမြို့နယ်၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ်ဥက္ကဋ္ဌ ဦးလှမြင့်ကလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ရုံးအဖွဲ့မှူး ဦးမောင်ကိုကလည်းကောင်း ဆောင်ရွက်ကြပြီး ၂၀၀၅ ခုနှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော်ချီးမြှင့်ခံရသော အသင်းဒုတိယဥက္ကဋ္ဌ(၁) ဦးစိုးသိမ်းအား ဂုဏ်ပြုလွှာပေးအပ်သည်။

ဆက်လက်၍ ရာသက်ပန် အသင်းဝင် ဦးတင်လှိုင်က အမှတ်တရ လက်ဆောင်များနှင့် ဘဏ္ဍာရေးမှူး ဒေါ်ခင်တင့်တို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီး

ရန်ကုန် ဧပြီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ထရန်ဗန်တန်အား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီလိုက်ပြီး ဖြစ်သည်။

မစ္စတာထရန်ဗန်တန်သည် ၁၉၄၉ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ ဟနမ်းဒေသ၌ မွေးဖွားခဲ့ပြီး ကျူးဘားနိုင်ငံ ဟာဗားနားတက္ကသိုလ်မှ ၁၉၇၂ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် နိုင်ငံခြားရေးဝန်ကြီး ဌာနသို့ ၁၉၇၂ ခုနှစ်တွင် စတင် ဝင်ရောက်အမှုထမ်းဆောင်ခဲ့ပြီး ဝန်ကြီးဌာနတွင်လည်းကောင်း၊ သီရိလင်္ကာ နိုင်ငံနှင့် အိန္ဒိယနိုင်ငံရှိ ဗီယက်နမ်နိုင်ငံ သံရုံးများတွင် လည်းကောင်း ရာထူးတာဝန်အဆင့်ဆင့်ဖြင့် ၁၉၉၂ ခုနှစ် အထိ လှည့်လည်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန တောင်အာရှဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ဩစတြေးလျနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှ ယနေ့အထိ ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်လျက်ရှိသည်။

မစ္စတာထရန်ဗန်တန်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦး ရှိသည်။ **(သတင်းစဉ်)**

နည်းယူနိုင်ပါသည်

* ဒီနေ့ချိန်ခါ ၊ ဒို့မြန်မာတွေ
ဘာလုပ်နေလဲ
ကဲ-ကြည့်လိုက်ပါ ၊ သေအချာ။

* သူတို့ပြောတာ ၊ ကြားနေပါလည်း
သွားတာမပျက် ၊ ချီတက်လျက်။

* သူတို့အားထုတ် ၊ ကွဲအောင်လုပ်လည်း
မဖြုတ်လက်တွဲ ၊ ချီတက်မြဲ။

* သူတို့အသံ ၊ စည်းချက်သံလား
စိတ်မှာထားလျက်
ချီတက်နေတာ ၊ ဒို့မြန်မာ။

* ကဲ-ဘယ့်နှယ်ရှိစ
မြန်မာ့စရိုက်
လွတ်လပ်လိုက်တာ ၊ တွေ့ရမှာပေါ့။

* လွတ်လပ်နေခြင်း ၊ လာဖို့ခွင်းလျှင်
လွတ်လပ်ခြင်းဖြင့်
လက်ငင်းတုံ့ပြန် ၊ ထိရောက်ဟန်ကို
စံနမူနာပြ ၊ နည်းယူကြ
မြန်မာတို့ရဲ့ သရုပ်ပြ။ ။

ပျံလွှား

ထားဝယ်ရိုးရာ သင်္ကြန်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၈

နှစ်စဉ် ကျင်းပမြဲဖြစ်သော ထားဝယ်အသင်း၏ ထားဝယ်ရိုးရာ သင်္ကြန်(ရေးဇိမ္မန်း)နှင့် မုန့်မျိုးစုံကို ဧပြီ ၁၃ ရက်(သင်္ကြန်အကြိုနေ့)ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီမှ ၁၀ နာရီအထိ အမှတ်(၈၂၈) မဟာဗန္ဓုလလမ်း လမ်းမတော်မြို့နယ် ထားဝယ်အသင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသား ထားဝယ်သူ ထားဝယ်သားများနှင့် မိတ်ဆွေသင်္ဂဟများ လာရောက်အားပေးချီးမြှင့်ကြရန် အသင်းအမှုဆောင် ကော်မတီက ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်ချယ်ရီရွှေနှင့် အလုပ်အမှုဆောင်များ၊မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မေသီနှင့် ကျန်းမာရေး ဝန်ထမ်းများ ပူးပေါင်း၍ ကြည့်မြင်တိုင် တစ်ဖက်ကမ်း အောက်ရုံရပ်ကွက်၌ မတ် ၂၆ ရက်က မိခင်နှင့်မွေးကင်းစ ကလေး မေးခိုင်ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို ဆောင်ရွက်ကြစဉ်။ (မြို့နယ် မိခင်/ကလေး)

တရုတ်နှင့်ပါကစ္စတန် တစ်ဦးကိုတစ်ဦး နားလည်ပြီးထောက်ခံမှုအစဉ်ရှိခဲ့ ပါကစ္စတန်ဝန်ကြီးချုပ်နှင့် ဆွေးနွေးစဉ် ဝန်ကြီးချုပ်ဝမ်ကျားပေါင် ပြောကြား

အစ္စလမ္မာဘတ် ဧပြီ ၇

တရုတ်နှင့်ပါကစ္စတန်နိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးပြီး အိမ်နီးချင်းကောင်းပီသစွာဆက်ဆံရေးစာချုပ်ကို အစ္စလမ္မာဘတ်မြို့၌ အင်္ဂါနေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။ ပါကစ္စတန်နိုင်ငံ၌ အလည်အပတ်ရောက်ရှိနေသော တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်နှင့် ပါကစ္စတန်ဝန်ကြီးချုပ် ရှာယူကက်အဇစ်တို့သည် ဆွေးနွေးအပြီး၌ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ဝန်ကြီးချုပ်ဝမ် တောင်အာရှဒေသသို့ ရှစ်ရက်ကြာအလည်အပတ် ခရီးထွက်ခဲ့ရာတွင် ပါကစ္စတန်နိုင်ငံသည် ပထမဆုံးလည်ပတ်သည့်နိုင်ငံဖြစ်သည်။ ၎င်းသည် ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံတို့သို့လည်း သွားရောက်လည်ပတ်မည်ဖြစ်သည်။ ၎င်းသည် အစ္စလမ္မာဘတ်သို့ အင်္ဂါနေ့ နေ့လယ်ပိုင်း၌ရောက်ရှိပြီး မကြာမီတွင် အဇစ်နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

ထောက်ခံခဲ့

အဇစ်နှင့် ဆွေးနွေးရာတွင် ဝန်ကြီးချုပ်ဝမ်က တရုတ်နှင့် ပါကစ္စတန်နိုင်ငံ တို့သည် တစ်ဦးကိုတစ်ဦး နားလည်သဘောပေါက်ပြီး ထောက်ခံမှုအစဉ်ပေးခဲ့ကြကြောင်း၊ နှစ်နိုင်ငံ တိုးတက်ဆက်ဆံရေးသည် နှစ်နိုင်ငံ၏ ယေဘုယျလုပ်ငန်းဖြစ်ကြောင်း ပြောကြားသည်။

ဝန်ကြီးချုပ်ဝမ်သည် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံမှု စာချုပ်အရ မဟာဗျူဟာနှင့် ပူးပေါင်းလုပ်ကိုင်မှုတိုးမြှင့်ရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရေးအပြင် သယံဇာတ အရင်းအမြစ်များ၊ ဘဏ္ဍာရေးနှင့် စိုက်ပျိုးရေးတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်မှု၊ အုပ်စုကွဲမှုနှင့် အစွန်းရောက်မှုဆိုသော မကောင်းမှု အကျင့်ဆိုးသုံးရပ် နှိမ်နင်းရေးသဘောတူချက်ကို လက်မှတ်ရေးထိုးရေး၊ ပြည်သူအချင်းချင်းဆက်သွယ်ပြီး ယဉ်ကျေးမှု၊ ပညာရေးနှင့် လူငယ်တို့ အပြန်အလှန်ဖလှယ်မှုကို အားပေးရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကြီးပွားတိုးတက်ရေးအတွက် နိုင်ငံတကာဆိုင်ရာနှင့် ဒေသဆိုင်ရာ ကိစ္စရပ်များတွင် ညှိနှိုင်းဆောင်ရွက်ရေး အဆိုပြုချက်ငါးရပ်ကို တင်ပြဆွေးနွေးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**



ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဟွန်ဒါကုမ္ပဏီမှ ထုတ်လုပ်ထားသော စက်ရုပ်လူသားအက်စီမိုနှင့် စက်ရုပ်ပုံစံ သစ်သားရုပ်တုတစ်ခုကို ဧပြီ ၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

မလေးရှား၏ ရေရရှိရေးစီမံကိန်းအတွက် ဂျပန်ဘဏ်မှ ယန်း ၈၂ဘီလီယံ ထုတ်ချေး

ကွာလာလမ်ပူ ဧပြီ ၆

ရေမလုံလောက်သည့် ပြဿနာ လျော့နည်းသက်သာစေရန် ရည်ရွယ်သည့် မလေးရှားအစိုးရ၏ ရေရရှိရေးစီမံကိန်းကို ငွေကြေးကူညီပံ့ပိုးရန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အတွက် ဂျပန်ဘဏ်က ထုတ်ချေးသည့် ယန်း ၈၂ဘီလီယံ (ဒေါ်လာ ၇၅၇သန်း)ကို မလေးရှားအစိုးရက လက်ခံရရှိခဲ့သည်။

နှစ် ၄၀ငွေချေးမှု အစီအစဉ်သည် အတိုးနှုန်း သုည ဒသမ ၉၅ရာခိုင်နှုန်းဖြစ်သည်ဟု ဂျပန်ဘဏ်က မတ်လ ၃၁ ရက်နေ့စွဲဖြင့် ဝက်ဘ်ဆိုက်မှ ထုတ်ပြန်သည့်ကြေညာချက်၌ ဖော်ပြထားသည်။

မလေးရှားနိုင်ငံသည် ပါဟန်မှနေ၍ မလေးရှားနိုင်ငံအလယ်ပိုင်း စီလွန်ဂေါပြည်နယ်သို့ ရေပို့လွှတ်ပေးရန်အတွက် ၄၅ကီလိုမီတာ ရေလွှဲဥမင်လိုဏ်ခေါင်းနှင့် ရေကာတာတစ်ခု တည်ဆောက်ရန် ငွေကြေးပံ့ပိုးမှုလိုအပ်ခဲ့သည်။

ရေပေးစက်ရုံများနှင့် ရေကာတာများ တည်ဆောက်ရန်၊ ရေစိမ့်သောပိုက်များကို အစားထိုးလဲလှယ်ရန်အတွက် နှစ်၅၀အတွင်း ရင်းဂစ်ငွေ ၇၇ ဘီလီယံသုံးစွဲခဲ့ကြောင်း မလေးရှားအစိုးရက လွန်ခဲ့သည့်နှစ် မတ်လ၌ ပြောကြားခဲ့သည်။

ရေလိုအပ်မှု မြင့်မားလာခြင်းကို ဖြေရှင်းပေးရန် ရေအရင်းအမြစ်များ ရရှိရေးသည် အရေးတကြီး ကိစ္စဖြစ်ကြောင်း ဂျပန်ဘဏ်ကပြောကြားသည်။ ရှိရင်းစွဲရေအရင်းအမြစ်များသည် ရေပေးပို့မှုလုံလောက်စေရန် အာမခံချက်မရှိဟုဆိုသည်။ **(အင်တာနက်)**

ဗီယက်နမ်နိုင်ငံမှ ရော်ဘာ တရုတ်သို့ ပိုမိုတင်ပို့မည်

ဟန္နိုင်း ဧပြီ ၆

တရုတ်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံ၏ ရော်ဘာတင်ပို့မှုသည် ၂၀ ရာခိုင်နှုန်းမြင့်တက်မည်ဖြစ်ကြောင်း ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးဌာန ခန့်မှန်းခြေများအရ သိရသည်။ ၂၀၀၅ ခုနှစ်အတွင်း တရုတ်ဈေးကွက်တွင် ရော်ဘာဝယ်လိုအား တိုးတက်လာကြောင်းကို ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

၂၀၀၅ ခုနှစ်အတွင်း တရုတ်နိုင်ငံ၌ မော်တော်ကားလုပ်ငန်းသည် အရှိန်အဟုန်မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ခြင်းကြောင့် ဈေးကွက်၌ ရော်ဘာသုံးစွဲမှုသည် တန်ချိန် ၃ ဒသမ ၅ သန်းထိရှိမည်ဖြစ်ရာ ၆ ရာခိုင်နှုန်းခန့်မြင့်တက်မည်ဖြစ်သည်။

ယင်းအနက် သဘာဝရော်ဘာတန် ၁ ဒသမ ၅သန်းနှင့် ရောစပ်ရော်ဘာတန် နှစ်သန်းကို သုံးစွဲမည်ဖြစ်သည်။ ဈေးကွက်သို့ ရော်ဘာပေးသွင်းမှု လျော့နည်းသဖြင့် ကမ္ဘာ့တွင် ရော်ဘာဈေးနှုန်းသည် လာမည့်လအနည်းငယ်အတွင်း တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၂၅၀-၁၃၂၀အထိရောက်ရှိမည်ဟုခန့်မှန်းထားသည်။ **(အင်တာနက်)**

နိုင်ငံတကာ အဆိုတော်များပြိုင်ပွဲ
တရုတ်နိုင်ငံနင်ဘိုမြို့၌တတိယအကြိမ်မြောက် ကျင်းပမည်

ပေကျင်း ဧပြီ ၇

တတိယအကြိမ်မြောက် တရုတ်နိုင်ငံတကာ အဆိုတော်များ ပြိုင်ပွဲကို တရုတ်ပြည်အရှေ့ဘက် စီကျန်ပြည်နယ်ရှိ ပင်လယ်ကမ်းခြေမြို့ဖြစ်သော နင်ဘိုမြို့၌ ကျင်းပမည်ဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန(အမ်အိုစီ)က အင်္ဂါနေ့တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါ ပြိုင်ပွဲတွင် ကျွမ်းကျင်သူပညာရှင်များနှင့် ရုရှား၊ အီတလီ၊ဖင်လန်၊ ဩစတြီးယား၊ ပြင်သစ်၊ယူကရိန်းနှင့် အမေရိကန်ပြည်ထောင်စုမှ အဆိုတော်များအပြင် တရုတ် ဗဟိုဂီတအနုပညာကျောင်းမှ လူသိများသည့် ဆရာတစ်ဦးဖြစ်သူ ဂျိုရှုဆင်တို့က အကဲဖြတ်ကော်မတီအဖြစ် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း အမ်အိုစီ အဆင့်မြင့်အရာရှိပူတွန်က ပြောကြားသည်။

ပြိုင်ပွဲကို သုံးကြိမ်သုံးခါ ဆက်လုပ်မည်ဖြစ်ပြီး အမျိုးသားအဆိုတော်လေးဦးနှင့် အမျိုးသမီးအဆိုတော်လေးဦးကို ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း၊အထူးဆုနှစ်ဆုကိုတရုတ်သီချင်းဖြင့် အကောင်းဆုံးဖျော်ဖြေတင်ဆက်မှုအတွက် ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း၊ ၎င်းအနက် တစ်ဆုမှာ တရုတ်သံစဉ်မဟုတ်သည့် နိုင်ငံခြားသံစဉ်သီဆိုရမည်ဖြစ်ကြောင်း မစ္စတာပူက ပြောကြားသည်။

ချီးမြှင့်မည်

ပြိုင်ပွဲတွင် အမြင့်ဆုံးဆုအဖြစ် အမေရိကန်ဒေါ်လာ ၁၆၀၀၀ချီးမြှင့်မည်ဖြစ်ပြီး ယှဉ်ပြိုင်သူအသီးသီးသည် ဒေါ်လာ ၂၀၀မှ ၄၀၀အထိရှိသော ခရီးသွား လာရေးဆိုင်ရာ ထောက်ပံ့ငွေအသီးသီးကိုလည်းရရှိမည်ဖြစ်ကြောင်း မစ္စတာပူက ပြောကြားသည်။

ပြင်ဆင်နေ

စတုရန်းမီတာ ၂၇၀၀ရှိသည့် ဂီတဖျော်ဖြေပွဲခန်းမကို အကောင်းဆုံးအသံ ဆိုင်ရာပစ္စည်းများဖြင့် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း နင်ဘိုဒုတိယမြို့တော်ဝန် ချန်ယူချွန်က ဆင်ဟွာသို့ ပြောကြားသည်။ စည်းရုံးလှုပ်ရှားကြသူများသည် နိုင်ငံနှင့်ဒေသ ၇၁ခုမှ ဖျော်ဖြေသူများကို ဖိတ်ကြားခဲ့သကဲ့သို့ တေးဂီတသိပ္ပံကျောင်းများနှင့်အဖွဲ့ ၈၃ဖွဲ့ကိုလည်း ဖိတ်ကြားခဲ့သည်။

ကျင်းပခဲ့

အဆိုပါ ပြိုင်ပွဲကို အမ်အိုစီက ကြီးမှူးကာ နိုင်ငံတကာ အနုပညာဆိုင်ရာပြိုင်ပွဲအဖြစ် ၂၀၀၀ ပြည့်နှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကယ်ကွတ်မြို့အနီး ဟာဝီဂျာအရပ်တွင် တိုက်ခိုက်ခံရမှုကြောင့် ရေနံပိုက်လိုင်း မီးလောင်နေသည်ကို ဧပြီ ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ ဘန်ဒါအာချေးတွင် ငလျင်ထပ်မံလှုပ်ပြန်

ဂျကာတာ ဧပြီ ၇

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်မြို့တော် ဘန်ဒါအာချေးတွင် အင်္ဂါနေ့ နံနက်စောစောအချိန်က ရစ်ချ်တာစကေး ၅ဒသမ ၅ရှိ ငလျင်တစ်ခု ထပ်မံတုန်လှုပ်ခဲ့သဖြင့် ယင်းဒေသနေပြည်သူများ ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ရသည်။

အဆိုပါငလျင်သည် ဘန်ဒါအာချေး၏ အနောက်ဘက် ၁၀၈ ကီလိုမီတာခန့်အကွာ အရှေ့လောင်ဂျီတွဒ် ၉၄ဒသမ ၈၇ဒီဂရီနှင့် မြောက်လတ္တီတွဒ် ၄ဒသမ ၆၉ဒီဂရီရှိရာ အရပ်၌ ဒေသစံတော်ချိန် ၃း၃၇နာရီ ဝန်းကျင်က တုန်လှုပ်ခဲ့ခြင်းဖြစ်ကြောင်း မာတာလီဘူမိရူပဗေဒဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

ယင်းငလျင်၏ ဗဟိုချက်မှာ ပင်လယ်အောက် ၁၀ကီလိုမီတာအနက်၌ဖြစ်ပြီး အာချေးအနောက်ပိုင်းကမ်းခြေဒေသ အထူးသဖြင့် ဘင်ယတ်ကျွန်းနှင့်အာချေးဆင်ကီလ်တို့တွင်နေထိုင်ကြသူ လူများအဖို့ ပိုမိုပြင်းထန်စွာခံစားခဲ့ရကြောင်း အင်တာရာသတင်းဌာနက ပြောကြားသည်။

၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၆ရက်က ဆူနာမီရေလှိုင်းဖြစ်ပေါ်ခဲ့ပြီးနောက် ပိုင်းကွင်းဆက်အဖြစ် ငလျင်ထပ်မံတုန်လှုပ်ခဲ့သကဲ့သို့ ဘန်ဒါအာချေး၏ အနောက်၊ အနောက်မြောက်နှင့် အနောက်တောင်ဘက် ကီလိုမီတာ ၈၀နှင့် ကီလိုမီတာ ၃၀၀အကွာတွင် ဗဟိုပြု၍ ၈ဒသမ ၇ရစ်ချ်တာစကေးရှိသော အင်အားပြင်းထန်သည့်ငလျင်တစ်ခုဖြစ်ပေါ် တုန်လှုပ်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုတိုးမြင့်လာ

ဘဂ္ဂဒက် ဧပြီ ၇

ဘဂ္ဂဒက်တောင်ပိုင်း၌ ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က အင်္ဂါနေ့၌ ပြောကြားသည်။

ဘဂ္ဂဒက်တောင်ပိုင်း၌ ဧပြီ ၅ ရက်က အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များသည် ကင်းလှည့်သွားစဉ် နံနက် ၉ နာရီခွဲခန့်တွင် လက်လုပ်ဗုံးတစ်လုံး နင်းမိခဲ့ရာမှ ဗုံးထိမှန်ခဲ့ကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်၌ ဖော်ပြထားသည်။ အန်ဘာပြည်နယ် အနောက်ပိုင်း၌ တနင်္လာနေ့က ပေါက်ကွဲမှုကြောင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အင်္ဂါနေ့စောစောပိုင်းက ကြေညာသည်။

အခြားသော တိုက်ခိုက်ခံရမှုတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အီရတ်စစ်သားတစ်ဦးလည်း တနင်္လာနေ့က သေဆုံးသွားသည်။ ယင်းတို့မှာ ဘဂ္ဂဒက် အရှေ့ပိုင်း၌ ပြောက်ကျားတစ်ဒါဇင်ခန့်နှင့် တိုက်ပွဲဖြစ်ပွားရာမှ ထိခိုက်ဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က အင်္ဂါနေ့၌ ပြောကြားသည်။ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ၂၀၀၃ ခုနှစ် မတ်လက အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်၌သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၅၃၅ ဦးကျော် ရှိသွားပြီဖြစ်ကြောင်း ယင်းကြေညာချက်၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် မအူပင်မြို့နယ်ကျေးလက်လမ်းများဖွင့်ပွဲတက်ရောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုရှင်းလင်းပြောကြား

ရန်ကုန် မေ ၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်သည် စည်ပင်သာယာရေး ဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၆ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော ကျေးလက် ကျောက်ချောလမ်းဖွင့်ပွဲနှင့် ကျေးလက်မြေသားလမ်းဖွင့်ပွဲ အခမ်းအနားများကို တက်ရောက်သည်။

လမ်းဖွင့်ပွဲ အခမ်းအနားကို ဧရာဝတီတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ မအူပင်ခရိုင် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး စိန်မောင်၊ မအူပင်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း အတွင်းရေးမှူး ဦးဝင်း နိုင်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့် တာဝန် ရှိသူများသည် အောင်ဟိတ်-ဆိပ်သာ ကျေးလက် ကျောက်ချောလမ်း တစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နည်းပညာကောလိပ်နှင့် ဆိပ်သာလမ်းသည် အရှည် ခြောက်မိုင် ခြောက်ဖာလုံ၊ အကျယ် ၁၈ ပေရှိပြီး မြေသားလမ်းမှ ကျောက်ချောလမ်း အဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့ သည် မအူပင်မြို့နယ် စည်ပင်သာ ယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော ဘီးလင်း-စစ်ချောင်း ကျေးလက်မြေ သားလမ်းဖွင့်ပွဲအခမ်းအနားသို့ တက် ရောက်သည်။ **(အပေါ်ပုံ)**

လမ်းဖွင့်ပွဲ အခမ်းအနားအပြီး တွင် ဝန်ကြီးနှင့် အဖွဲ့သည် ဘီးလင်း-စစ်ချောင်း မြေသားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ဘီးလင်း-စစ်ချောင်း မြေသားလမ်း သည် အရှည် နှစ်မိုင်၊ အကျယ် ၁၈ပေရှိကြောင်း သိရသည်။

ကျောင်းဆောင်သစ်ပေးအပ်

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့ သည် မေ ၇ ရက်တွင် မအူပင် မြို့နယ်အတွင်းရှိ အထက်တန်း ကျောင်းနှင့် အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ပေးအပ်ပွဲသို့ တက် ရောက်သည်။

ရှေးဦးစွာ ဝန်ကြီးနှင့် အဖွဲ့သည် လေးအိမ်စု ကျေးရွာသို့ ရောက်ရှိပြီး လေးအိမ်စုရွာအဝင် ကျောက်ချောလမ်း ဖွင့်ပွဲ အခမ်းအနားကို လမ်းဝင်မုခ် ဦး၌ကျင်းပရာ လမ်းအား ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်၊ ဧရာဝတီတိုင်း စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ခရိုင်ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဝင်းနိုင်ကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးသည် လေးအိမ်စု အထက်တန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားကို ကျောင်း ခန်းမ၌ ကျင်းပရာ ကျောင်းအကျိုး တော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းဇော်က ကျောင်းဆောက်လုပ်မှု အခြေအနေ ကို ရှင်းလင်းသည်။ ဆက်လက်၍ အမှတ်(၁) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက ပညာရေးဌာန၏ ရည်မှန်းချက်ကို ရှင်းလင်းပြောကြားသည်။ ယင်း နောက် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် က ဒေသဖွံ့ဖြိုးရေး လုပ်ဆောင်နေမှု ကို ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ထနီးရွာအဝင်လမ်း ဖွင့်ပွဲအခမ်း အနားသို့ တက်ရောက်ပြီး ထနီးရွာ အဝင်လမ်းအား လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

တက်ရောက်အားပေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့ သည် မလက်တိုကျေးရွာအဝင် ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနား နှင့် အလယ်တန်းကျောင်း ကျောင်း ဆောင်သစ် လွှဲပြောင်းခြင်းအခမ်း အနားသို့ တက်ရောက်အားပေးသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်း အကျိုးတော်ဆောင်အဖွဲ့ဝင် ဦးကျော် သိန်းက ကျောင်းဆောက်လုပ်မှု အခြေ အနေများကိုလည်းကောင်း၊ အမှတ် (၁)အခြေခံပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးတင်ညိုက ပညာရေး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ ကိုလည်းကောင်း ရှင်းလင်းပြောကြား သည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ကျေးလက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ရှင်းလင်းပြောကြားပြီး ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်မာလာက ကျေးဇူး တင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မတ် ၂၉ရက်က အလက (၁) ကျောက်တံတား မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးအုန်းသွင်က စတုတ္ထတန်းကျောင်းသူမဇေလပ်ဖြူအား သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။ (က-ပ)

အိုင်တီပညာဖွံ့ဖြိုးရေးစာမေးပွဲကျင်းပမည်

ရန်ကုန် မေ ၈

အိုင်တီပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်(MCF)က ကြီးမှူးကျင်းပမည့် Japan-Myanmar Cross Certification (JITEC) စာမေးပွဲကို မေ၁၄ရက်တွင် ကျင်းပမည်ဖြစ်သည်။ စာမေးပွဲစစ်ဆေးမည့် ဘာသာရပ်မှာ Japan-Myanmar Cross Certification IT Engineer Exam သင်ရိုးညွှန်းတမ်းအတိုင်း ဖြစ်ပြီးဝင်ရောက်ဖြေဆို သူများသည် လှိုင်မြို့နယ် MICT Park ရှိ မြန်မာကွန်ပျူတာအသင်းချုပ်ရုံး ဖုန်း-၆၅၂၃၀၇နှင့် ၇၀၇၅၀၃တို့သို့ အသေးစိတ် စုံစမ်းမေးမြန်းနိုင်သည်။ လျှောက်လွှာများကို မေ ၁၁ ရက် နောက်ဆုံးထား၍လျှောက်ထားနိုင်ပြီး အနီးကပ် သင်တန်းများကို မေ ၂၅ ရက်တွင် စတင်ပို့ချမည်ဖြစ်မည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၉-၄-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာ တော် ဘုရားကြီး နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အကျိုး တော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၂၅။ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ အတီးပြိုင်ပွဲ

၈:၀၀ ၆။ တေးဂီတအစီအစဉ်

၈:၁၀ ၇။ ဇိုကွာရဲရေထိန်းတံခါး

၈:၂၀ ၈။ ခါသကြန်အဆိုအကများ

၈:၃၀ ၉။ International News

၈:၄၅ ၁၀။ Happy and Educational English Summer Course MRTV. (Senior Class)

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တေးဂီတအစီအစဉ်

၁၁:၃၀ ၃။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁၂:၄၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"(အပိုင်း-၂၆)**

၁၃:၃၀ ၅။ ခါသကြန် အဆိုအကများ

၁၃:၄၅ ၆။ **"ပန်းမချစ်သော ပန်းချစ်သူ"** ခန့်စည်သူ၊ ဆုပန်ထွာ၊ နိုရာအန်း (ဒါရိုက်တာ-မောင်နန္ဒ)

၁၄:၃၅ ၇။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက

၁၄:၄၅ ၈။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ တေးဂီတအစီအစဉ်

၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာ ရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)

၁၇:၀၀ ၅။ တေးဂီတအစီအစဉ်

၁၇:၁၅ ၆။ မြန်မာစာ၊မြန်မာစကား

၁၇:၃၀ ၇။ တေးဂီတ အစီအစဉ်

၁၇:၄၅ ၈။ ချစ်စရာ့အတာသင်္ကြန်

၁၈:၁၀ ၉။ ခါသကြန်အဆိုအကများ

၁၈:၂၀ ၁၀။ Discovery

၁၈:၃၀ ၁၁။ ညနေခင်းသတင်း

၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ" (အပိုင်း-၁၃)**

၁၉:၃၅ ၁၄။ ခါသကြန် အဆိုအကများ

၁၉:၄၅ ၁၅။ ဂုဏ်ယူဖွယ်ရာစံထား ထီးဆောင်းကျေးရွာ သွေးလှူရှင်များ

၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ

ပြည်တွင်းငွေလွှဲလုပ်ငန်း ချိတ်ဆက်ဆောင်ရွက်မည်

ရန်ကုန် မေ ၈

သမဝါယမဘဏ်လီမိတက် (အများနှင့် သက်ဆိုင်သောဘဏ်)နှင့် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်လီမိတက်တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးအစီအစဉ်အရ ပြည်တွင်း ငွေလွှဲလုပ်ငန်း ချိတ်ဆက် ဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းကို ယနေ့နံနက်ပိုင်းက သမဝါယမဘဏ် လီမိတက်(ရုံးချုပ်)၌ ကျင်းပ သည်။ အဆိုပါ နားလည်မှုစာချွန်လွှာအရ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်လီမိတက် မိတ္ထီလာဘဏ်ခွဲအနေဖြင့် မေ ၂၆ ရက်မှ စတင်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံဒေသတွင်းစွမ်းအင်စီမံခန့်ခွဲသူများအား တစ်ပြေးညီတရားဝင်အသိအမှတ်ပြုရေးအစီအစဉ်ဆွေးနွေး

ရန်ကုန် မေ ၈

အာဆီယံဒေသတွင်း စွမ်းအင်စီမံခန့်ခွဲသူများအား တစ်ပြေးညီ တရားဝင် အသိအမှတ်ပြုရေး အစီအစဉ်ဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းငွေးက အဖွင့်မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်သည်။ ဆွေးနွေးပွဲတွင် စွမ်းအင်စီမံရေး ဦးစီးဌာနမှ ပညာရှင်များက အာဆီယံဒေသတွင်း စွမ်းအင်စီမံခန့်ခွဲသူများအား တစ်ပြေးညီ တရားဝင် အသိအမှတ်ပြုရေး စီမံကိန်းအစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းငွေး၊ စွမ်းအင်ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်း အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူး ချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စွမ်းအင်၊ လျှပ်စစ်စွမ်းအား၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနများ အောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အစည်း များနှင့် စက်ရုံများမှ ပညာရှင်၊ ကိုယ် စားလှယ် ပုဂ္ဂိုလ်များ၊ သိပ္ပံနှင့်နည်း ပညာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီး ဌာနအောက်ရှိ တက္ကသိုလ်များမှ ပညာရှင်၊ကိုယ်စားလှယ်များ၊ မြန်မာ နိုင်ငံအင်ဂျင်နီယာအသင်းတို့မှ ပညာ ရှင်၊ ကိုယ်စားလှယ်များ တက်ရောက် ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြစ်ကျော်ဓာတ်အားလိုင်းအဆင့်မြှင့်တင်ဆောင်ရွက် လျှပ်စစ်ဓာတ်အားခေတ္တပိတ်ထားမည်

ရန်ကုန် မေ ၈

မကွေးတိုင်း ချောက်မြို့နယ်အတွင်း ချောက်မှ လမ်းရွာအထိ ဆွဲသားထား သော ဧရာဝတီမြစ်ကျော်(၆၆)ကေဗွီဓာတ်အားလိုင်းအား မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်း ဓာတ်အားပိုမိုပေးနိုင်ရန်အတွက် အဆင့်မြှင့်၍ (၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်းအဖြစ် ပြောင်းလဲသုံးစွဲသွားမည်ဖြစ်သည်။ ယင်းမြစ်ကျော် ဓာတ်အားလိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဓာတ်အားအသုံးနည်းသော သင်္ကြန်ပိတ်ရက်များအတွင်း မေ ၁၃ ရက်မှ ၁၇ ရက်အထိ ဆောင်ရွက်မည်ဖြစ် သည်။ ယင်းလုပ်ငန်းဆောင်ရွက်နေစဉ် စစ်ကိုင်းတိုင်း မုံရွာမြို့နယ်နှင့် မကွေးတိုင်း ပခုက္ကူမြို့နယ်ပတ်ဝန်းကျင်ကို ကျွန်းချောင်း သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ ဓာတ်အားအဆက်မပြတ်ပေးထားမည်ဖြစ်သည်။ (၁၃၂) ကေဗွီဓာတ်အားလိုင်းတည်ဆောက်စဉ် လုပ်ငန်းနှင့်မလွတ်ကင်းသော (၆၆)ကေဗွီ ပခုက္ကူဓာတ်အားလိုင်းကို မေ ၁၃ရက်နှင့် မေ ၁၄ရက် နှစ်ရက်တွင် နံနက် ၆ နာရီ ညနေ ၆နာရီအထိ ခေတ္တဓာတ်အားပိတ်ထားမည်ဖြစ်ကြောင်း သက် ဆိုင်ရာက သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓမ္မဒူတတရားစခန်းပွဲ

ရန်ကုန် မေ ၈

ဟင်္သာတမြို့ ဘုရားကြီးရပ် ဓမ္မဒူတ အောင်မြေသုခကျောင်းတိုက် တွင် သင်္ကြန်တွင်း ခုနစ်ရက် တရား စခန်းပွဲကို မေ ၉ရက်မှ ၁၇ရက် အထိ ဓမ္မဒူတဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တပည့်ဖြစ်သူ ဓမ္မဒူတ အရှင်အာစိဏ္ဏ (ဟင်္သာတ) ဆရာတော်က ဟောကြားပေးမည် ဖြစ်သည်။ တရားစခန်းဝင်လိုသူများ သည် မေ ၉ ရက် ညနေ ၆ နာရီ အရောက် လာရောက် အားထုတ်နိုင် ကြကြောင်းသိရသည်။ (၁၉၂)

ဗိုလ်ချုပ်ကြီးသူရရွှေမန်း တစ်နာရီ တန် ၃၀ ကျ ဆီအုန်း ဆီကြိတ်စက်ရုံဖွင့်ပွဲ တက်ရောက်အားပေး ဆီအုန်းစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် အတွေ့အကြုံရှိသူများထံမှ အကြံဉာဏ်များ ရယူဆောင်ရွက်သွားကြရန်မှာကြား

ရန်ကုန် ဧပြီ ၈

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ရှိ ယုဇနကုမ္ပဏီလီမိတက်၏ တစ်နာရီ တန် ၃၀ ကျ ဆီအုန်း ဆီကြိတ်စက်ရုံဖွင့်ပွဲအခမ်းအနားကို ဧပြီ ၆ ရက် နံနက် ၇ နာရီတွင် အဆိုပါစက်ရုံ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်အားပေးသည်။

အဆိုပါဆီအုန်း ဆီကြိတ်စက်ရုံ ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တနင်္သာရီတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆီအုန်းလုပ်ငန်းရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ယုဇနကုမ္ပဏီလီမိတက် ဆီအုန်းခြံများမှ လုပ်သားများတက် ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အစီအစဉ်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့် ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်တို့က ဆီအုန်း ဆီကြိတ်စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နံ့သာရည်များပက်ဖျန်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် စက်ရုံ၏ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို နံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ရှေးဦးစွာ စက်ရုံအတွင်း ဆီသီးခိုင်များ စုပုံထားမှု၊ ဆီသီးခိုင်များကို Conveyorဖြင့် စက်ရုံသို့ သယ်ယူ၍ လှောင်အိမ်များဖြင့် ပေါင်းအိုးတွင်း ထည့်သွင်းမှု လုပ်ငန်းအဆင့်ဆင့်ကို တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဆီသီးများနှင့် အခိုင်များ သီးခြားစီ ခွဲထုတ်သည့် လုပ်ငန်း၊ ဆီသီးခိုင်များအား မီးရှို့သည့်လုပ်ငန်း၊ ဆီကြိတ် ကြိတ်ခွဲသည့် လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဆီအုန်း ဆီကြိတ် နမူနာများကိုလည်းကောင်း၊ Power Station နှင့် Boiler Station တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား စက်ရုံဧည့်ရိပ်သာ၌ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က တနင်္သာရီတိုင်း ဆီအုန်းစိုက်ပျိုးရေး စီမံကိန်း၌ မိမိတို့ကုမ္ပဏီအနေဖြင့် ဆီအုန်းဧက တစ်သိန်းစိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ ယနေ့အထိ ဆီအုန်းဧက ၅၁၉၆၃ ဧက စိုက်ပျိုးပြီးဖြစ်ပါကြောင်း၊ ရည်မှန်းဧက ပြည့်မီအောင် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး ယခုနှစ် စိုက်ပျိုးရန် ဆီအုန်းပင်များ ပျိုးထောင်ပြီးစီးမှုစီမံကိန်းတွင် အသုံးပြုသည့် စက်ယန္တရားအင်အား၊ ဆီအုန်းခြံများအတွင်း လမ်းဖောက်လုပ်ထားမှုများ၊ လုပ်သားအင်အားနှင့် လုပ်သားများအတွက် နေရေး၊ စားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး ဆောင်ရွက်ပေးမှုများ၊ ဆီအုန်း ဆီကြိတ်စက်ရုံ တည်ဆောက်ခဲ့သည့် အခြေအနေများကို ရှင်းလင်း တင်ပြသည်။

တန်ဖိုးထား

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက မှာကြားရာတွင် တနင်္သာရီတိုင်း ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင် ယုဇနကုမ္ပဏီလီမိတက်က စီမံကိန်းဧက ငါးသိန်း၏ ၂၀ ရာခိုင်နှုန်း တစ်နည်းအားဖြင့် ငါးပုံတစ်ပုံ စိုက်ပျိုးသွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိသဖြင့် ယုဇနကုမ္ပဏီ၏ ဆောင်ရွက်ချက်များကို မိမိတို့ တန်ဖိုးထားပါကြောင်း။

ယနေ့တွင်လည်း ယုဇနကုမ္ပဏီအနေဖြင့် တစ်နာရီတန် ၃၀ကျ ခေတ်မီ ဆီအုန်း ဆီကြိတ်စက်ရုံကို ဖွင့်လှစ်နိုင်ပြီဖြစ်ရာ ယုဇနကုမ္ပဏီအတွက်သာမက အခြားဆီအုန်းလုပ်ငန်းရှင်များအတွက်ပါ အားရဖွယ်ရာဖြစ်ကြောင်း၊ ဆီအုန်းစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

အကြံဉာဏ်ရယူ

မည်သည့်လုပ်ငန်းမဆို အောင်မြင်မှုရရေးအတွက် အဘက်ဘက်က ကြိုးပမ်းအားထုတ်ရာ ဆီအုန်းစီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ဖွဲ့ရှိရှိ၊ စီမံခန့်ခွဲမှုကောင်းကောင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အတွေ့အကြုံရှိသူများထံမှလည်း အကြံဉာဏ်များ ရယူဆောင်ရွက်သွားကြမှာဖြစ်ကြောင်း။

ထို့ပြင် မိမိတို့ စီမံကိန်းအလိုက် လုပ်ကိုင်လျက်ရှိသည့် ဝန်ထမ်းများ၊ လုပ်သားများ၏ ရိုးသားကြိုးစားမှု၊ သစ္စာရှိမှု၊ ယုံကြည်အားထားမှုများ ရရှိလာရေးအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဧည့်ခန်းအတွင်းပြသထားသည့် ဆီအုန်း ဆီကြိတ် ဆီသီး၊ မြေဆီထိန်းပဲ၊ ဇီဝမြေသြဇာ ပိုးသတ်ဆေးတို့ကိုလည်းကောင်း၊ ဆီအုန်း ဆီကြိတ်စက်ရုံ ပုံစံငယ်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ဖွင့်လှစ်သည့် ဆီအုန်း ဆီကြိတ်စက်ရုံမှာ တစ်နာရီတန် ၃၀ကျ စက်ရုံဖြစ်ပြီး စက်ပစ္စည်းများကို ထပ်မံဖြည့်တင်းလိုက်ပါက တစ်နာရီတန် ၆၀ကျအောင် ကြိတ်ခွဲနိုင်မည့်စက်ရုံဖြစ်သည်။ ဤစက်ရုံကို မေလမှစတင်၍ ဆီအုန်း ဆီကြိတ်များ အပြည့်အဝ ကြိတ်ခွဲထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရောင်းချနိုင်

ဤခေတ်မီ ဆီကြိတ်စက်ရုံ တည်ထောင်မှုကြောင့် ယုဇနကုမ္ပဏီအတွက်သာမက အနီးပတ်ဝန်းကျင်ရှိ ဆီအုန်းခြံငယ်ပိုင်ရှင်များအတွက်လည်း မိမိတို့ခြံအလိုက်ထွက်ရှိသော ဆီအုန်းခိုင်များကို အချိန်မီလွယ်လင့်တကူ စက်ရုံသို့ ပေးပို့ရောင်းချနိုင်ပြီဖြစ်သည်။

ယုဇနကုမ္ပဏီကဲ့သို့ပင် အခြားဆီအုန်းကုမ္ပဏီများကလည်း ဆီအုန်း ဆီကြိတ်စက်ရုံများ တိုးချဲ့ထူထောင်ရန် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည်။

ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် စက်ရုံဖွင့်ပွဲအပြီးတွင် ခမောက်ကြီးမြို့ ဒေသခံတပ်ရင်းသို့ သွားရောက်ပြီး ဒေသခံတပ်ရင်းမှ တပ်မတော်သားများနှင့် မိသားစုများ၊ ခမောက်ကြီးမြို့မှ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ဖြည့်စွက်တင်ပြ

ထိုသို့တွေ့ဆုံရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခမောက်ကြီးမြို့ အုပ်ချုပ်ရေးမှူး ဦးကံထူးနှင့် တာဝန်ရှိသူများက ခမောက်ကြီးမြို့ အကျယ်အဝန်း၊ အိမ်ထောင်စုနှင့် လူဦးရေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် ဌာနအလိုက် လုပ်ငန်းတာဝန် ဆောင်ရွက်မှုများကိုလည်းကောင်း၊ ဒေသခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီး ဆန်နီအုန်းက ဒေသတွင် ဆီအုန်း၊ ရော်ဘာစိုက်ပျိုး ဖြစ်ထွန်းနိုင်မှုများကိုလည်းကောင်း၊ မိသားစုဝင်တစ်ဦးက တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်း ဆောင်ရွက်နိုင်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စိုက်ပျိုးရေးဆိုင်ရာ ကိစ္စများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို ဖြည့်ဆည်းအားပေး မှာကြားသည်။ **(သတင်းစဉ်)**

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ရှိ ယုဇနကုမ္ပဏီ လီမိတက်၏ တစ်နာရီ တန် ၃၀ ကျ ဆီအုန်း ဆီကြိတ်စက်ရုံ ဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက စက်ရုံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဆီသီးခိုင်ကို ပေါင်းအိုးအတွင်း ထည့်သွင်းပေးစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ရှိ ယုဇနကုမ္ပဏီလီမိတက်၏ တစ်နာရီ တန် ၃၀ ကျ ဆီအုန်း ဆီကြိတ်စက်ရုံဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ယုဇနကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဌေးမြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

✡ ကျောဖုံးမှ

ထားဝယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ထားဝယ် တက္ကသိုလ်သို့သွားရောက်ပြီး ပင်မလေးထပ်ဆောင်ဆောက်လုပ်နေမှုနှင့် ဆောက် လုပ်ပြီးအဆောင်များကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ထားဝယ်မြို့နယ် ရှင်မုတ္တီးကျေးရွာရှိ ရှင်မုတ္တီးဘုရားသို့ သွားရောက်ကြပြီး ပန်း၊ဆီမီး၊နံ့သာတို့ဖြင့်ပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရေး-ထားဝယ် ရထားပြေးဆွဲမှုနှင့် ရထားလမ်းအခြေအနေ၊ ဆက်လက်တိုးချဲ့ပြေးဆွဲမည့် ရထားအစီအစဉ်၊ သံလွင်မြစ်ကူး(မော်လမြိုင်)တံတား၌ ရထားတံတား တည်ဆောက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက သံလွင်တံတား ရထားပိုင်းဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းများကို ဖြည့်စွက် ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားသည်။

မြို့မိမြို့ဖများနှင့် တွေ့ဆုံ

ထို့နောက် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ရေဖြူမြို့နယ် ကလိန်အောင်မြို့ရှိ ဆုတောင်းပြည့် ဆံတော်ရှင်စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် ရှင်မုတ္တီး ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော်မှတ်တမ်း စာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ဧပြီ ၇ ရက် နံနက် ၉ နာရီတွင် ထားဝယ်မြို့မှ ရေဖြူမြို့နယ် ကလိန်အောင်မြို့ရှိ ဆုတောင်းပြည့်ဆံတော်ရှင်စေတီတော်သို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စေတီတော်စောင်းတန်းမှ ကလိန် အောင်မြို့နှင့် ပတ်ဝန်းကျင်ဒေသအခြေအနေများကို ကြည့်ရှုပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ဆုတောင်းပြည့် ဆံတော်ရှင်စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဆုတောင်းပြည့် ဆံတော်ရှင်စေတီတော်အား လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ သည် ဆုတောင်းပြည့် ဆံတော်ရှင်စေတီတော်မှ လောင်းလုံးမြို့နယ် မောင်းမကန် သို့ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး လမ်းတစ်လျှောက်ရှိ ဆီအုန်း၊ ရော်ဘာစိုက်ခင်းများ၊ ဒေသစိမ်းလန်းစိုပြည်မှုအခြေအနေများကို ရဟတ်ယာဉ် ပေါ်မှ ကြည့်ရှုကြသည်။

မောင်းမကန်ကမ်းခြေကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ သည် မောင်းမကန်ကမ်းခြေသို့ရောက်ရှိကြပြီး မောင်းမကန်ကမ်းခြေဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်ထားမှုများနှင့် မောင်းမကန်ကမ်းခြေ၏ သာယာလှပမှု များကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မောင်းမကန်ကမ်းခြေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသ၌ ဆီအုန်းနှင့်ရော်ဘာ တိုးချဲ့စိုက်ပျိုးရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မွန်းလွဲပိုင်းတွင် ထားဝယ်မြို့သို့ ပြန်လည်ရောက်ရှိကြ သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ထားဝယ်မြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ ထိုမှတစ်ဆင့် ထားဝယ်ဘူတာသို့ ရောက်ရှိစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ထားဝယ်ဘူတာ၌ ထားဝယ်တပ်နယ် အောင်ဆန်းခန်းမသို့ ကြွတင်သွားရောက်၍ ထားဝယ်တပ်နယ် အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများ၊ ထားဝယ်ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖ များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဆွေးနွေးမှာကြားရာ၌ တနင်္သာရီတိုင်းခရီးစဉ် အဖြစ် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သည့် မိမိတို့အဖွဲ့ ထားဝယ်မြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ပုံပိုးဖြည့်ဆည်းပေးထား

တနင်္သာရီတိုင်းအတွင်း လှည့်လည်သွားလာရာတွင် ဒေသအလိုက် သူ့နည်း သူ့ဟန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရကြောင်း၊ ထားဝယ်ဒေသသည် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုတွင် ပါဝင်သည့် ဒေသတစ်ခုဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်ဖြင့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အနေဖြင့် ပံ့ပိုးဖြည့်ဆည်းထားပြီးဖြစ်ကြောင်း။

ထားဝယ်ဒေသအပါအဝင် တနင်္သာရီတိုင်းကဲ့သို့ပင် အခြားပြည်နယ်၊ တိုင်းများသည်လည်း အလားတူ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာခြင်းမှာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် စည်းလုံး ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့၍ ဖြစ်ကြောင်း။

၁၉၈၈ခုနှစ်က နိုင်ငံတော်၏ နိမ့်ကျခဲ့သည့်အခြေအနေအရပ်ရပ်နှင့် ယနေ့ဖွံ့ဖြိုးတိုးတက်နေသည့် အခြေအနေတို့သည် သိသာထင်ရှားစွာ ကွာဟနေပြီ ဖြစ်ကြောင်း။

စည်းလုံးညီညွတ်မှုခိုင်မာ

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်လည်း နားလည်မှု၊ ပူးပေါင်းမှုရယူနိုင်ခဲ့သည်နှင့်အမျှ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုသည် တိုးတက်ခိုင်မာလာရပြီဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုက ရေဖြူမြို့နယ် ကလိန်အောင်မြို့ရှိ ဆုတောင်းပြည့် ဆံတော်ရှင်စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ် လှူဒါန်းစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

တစ်ချိန်တည်းမှာပင် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ တစ်ပြိုင်တည်း မျှတစွာဖွံ့ဖြိုးလာရေးအတွက် ဖွံ့ဖြိုးရေးဒေသဆိုင်ရာ စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်တို့ကို ချိတ်ဆက်အကောင်အထည်ဖော်လျက်ရှိရာ ယနေ့နေရာဒေသအနှံ့၌ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို မျက်ဝါးထင်ထင် မြင်တွေ့နေရပြီဖြစ်ကြောင်း။

ပေါင်းစပ်အလုပ်လုပ်

ဤသို့သောအခြေအနေ၌ နိုင်ငံ့ဝန်ထမ်းများသည် ဒေသခံပြည်သူများနှင့် တစ်သားတည်းနေထိုင်ကျင့်ကြံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် မိမိဌာန၏ လုပ်ငန်းများကို အားကြိုးမာန်တက် ဖော်ဆောင်ကြစေလိုကြောင်း၊ မိမိဌာနအပေါ် တာဝန်ခံမှု၊ နိုင်ငံတော်အပေါ် သစ္စာရှိမှုတို့နှင့် လုံ့လဝီရိယအား ပေါင်းစပ်၍ အလုပ်လုပ်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် အောင်ဆန်းခန်းမသို့ ရောက်ရှိလာပြီး လမ်းညွှန်မှာကြားရာ၌ တနင်္သာရီတိုင်းအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို လေ့လာဆောင်ရွက်ပေးရန်၊ ယင်းသို့ဆောင်ရွက်ရာ၌ ဒေသခံပြည်သူများနှင့် ပေါင်းစပ်ပြီး လုပ်ကိုင်သင့်သည်များကို ထပ်မံလုပ်ကိုင်ပေးနိုင်ရန်အတွက် မိမိတို့ တနင်္သာရီတိုင်းသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

တည်ဆောက်ထူထောင်ပေး

ရေ၊မြေ၊ရာသီဥတု၊ သယံဇာတအခြေအနေအရ တနင်္သာရီတိုင်းသည် နိုင်ငံတော်အတွက် အဓိကအားထားရသည့် တိုင်းကြီးတစ်တိုင်းဖြစ်နိုင်သည့် အလားအလာကောင်းများရှိပြီးဖြစ်၍ တိုးတက်ဖွံ့ဖြိုးသော တိုင်းကြီးဖြစ်ရေးနှင့် ပြည်သူတို့၏ လူနေမှုအဆင့်အတန်းမြင့်မားရေးတို့အတွက် လိုအပ်သည့်အခြေခံများကို မိမိတို့ဆက်တိုက်တည်ဆောက်ထူထောင်ပေးလျက်ရှိကြောင်း။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်အောင် ကားလမ်းဟောင်းများကို အဆင့်မြှင့်တင်ခြင်း၊ ကားလမ်းသစ်အပြင် ရထားလမ်းသစ်ကိုပါ ဖောက်လုပ်ပေးခြင်း၊ လေယာဉ်ကွင်းသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ ခေတ်မီ ဆက်သွယ်ရေးစနစ် ဖြစ်ပေါ်လာအောင် ထူထောင်ခြင်းစသည်တို့ကို လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိသည်သာမက ပညာရေး၊ ကျန်းမာရေးတို့နှင့် စပ်လျဉ်း၍ အခွင့်အလမ်းကောင်းများရရှိအောင် လိုအပ်သည်များကို စီမံထူထောင်ပေးလျက်ရှိကြောင်း။

အထောက်အကူပြု

ယင်းကဲ့သို့ နိုင်ငံတော်အပိုင်းက ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံ ထူထောင်ပေးမှုများသည် နောင်နှစ်အနည်းငယ်အတွင်းမှာပင် အံ့ဝင်ခွင်ကျ အသားကျပြီး တနင်္သာရီတိုင်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် အထောက်အကူပြုသွားစေမှာဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ထားဝယ်မြို့နယ် ရှင်မုတ္ထီးကျေးရွာရှိ ရှင်မုတ္ထီးဘုရားအား ပန်း၊ ဆီမီး၊ နံ့သာတို့ဖြင့် ပူဇော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ခေတ်အဆက်ဆက်၌ လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် တနင်္သာရီတိုင်းသည် ငြိမ်းချမ်းတည်ငြိမ်မှုလည်းမရှိ၊ ငြိမ်းချမ်းတည်ငြိမ်အောင် ထိန်းသိမ်းကာကွယ်နိုင်သည့် အင်အားလည်း မရှိခဲ့ကြောင်း။

မိမိတို့ လက်ထက်မှသာ ငြိမ်းချမ်းတည်ငြိမ်မှုရရှိအောင် နိုင်ငံရေးအရ၊ ကာကွယ်ရေးအရ လိုအပ်သည်များကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ ယခုအခါ တနင်္သာရီတိုင်းသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအားဖြင့်လိုအပ်နေသောတည်ငြိမ်အေးချမ်းမှု၊လုံခြုံမှုရရှိလာပြီဖြစ်ကြောင်း။

သယံဇာတများပြား

တနင်္သာရီတိုင်း၏ သယံဇာတပေါများမှုအခြေအနေနှင့် လူဦးရေ အခြေအနေတို့ကို အချိုးချကြည့်ပါက လူဦးရေကနည်းပြီး သယံဇာတက များပြားနေကြောင်း။

ထို့ကြောင့် အလုပ်လုပ်သူ အချိုးအစား တိုးတက်များပြားလာအောင် စီးပွားရေး အခွင့်အလမ်းကောင်းများနှင့် လမ်းပန်းဆက်သွယ်မှု အခြေခံကောင်းများကို မိမိတို့ ဖန်တီးထူထောင်ပေးလျက်ရှိကြောင်း။

ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုရှိပြီး အလုပ်လုပ်သူဦးရေများပြားလာသည်နှင့်အမျှ တနင်္သာရီတိုင်းသည် မကြာမီကာလအတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် အပြန်အလှန်အမှီသဟဲပြု

- နိုင်ငံတော်အပိုင်းက ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံ ထူထောင်ပေးမှုများသည် နောင်နှစ်အနည်းငယ်အတွင်းမှာပင် အံ့ဝင်ခွင်ကျ အသားကျပြီး တနင်္သာရီတိုင်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် အထောက်အကူပြုသွားစေမည်၊
- တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လုပ်ကိုင်ရာ၌ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် အပြန်အလှန် အမှီသဟဲပြုပြီး ပေါင်းစပ်လုပ်ကိုင်ကြရမှာဖြစ်၊
- နိုင်ငံတော်အစိုးရတစ်ဦးတည်း အစစတာဝန်ယူ လုပ်ကိုင်နေ၍မဖြစ်ဘဲ ယင်းအင်အားသုံးရပ် ပေါင်းစည်းသည့်စွမ်းအားဖြင့်သာ လုပ်ကိုင်ဆောင်ရွက်သွားရမှာဖြစ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ထားဝယ်မြို့ ဧည့်ရိပ်သာ၌ ထားဝယ်ခရိုင် ၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့ နယ်အဆင့် ဌာနဆိုင်ရာများ၊ထားဝယ်ခရိုင်အတွင်းရှိ ဒေသခံလုပ်ငန်းရှင် များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်မိသားစုက ထားဝယ်မြို့နယ် ရှင်မုတ္ထီးကျေးရွာရှိ ရှင်မုတ္ထီးဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပေါင်းစပ်လုပ်ကိုင်ကြ

တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လုပ်ကိုင်ရာ၌ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် အပြန်အလှန် အမှီသဟဲပြုပြီး ပေါင်းစပ်လုပ်ကိုင်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရတစ်ဦးတည်း အစစတာဝန်ယူလုပ်ကိုင်နေ၍မဖြစ်ဘဲ ယင်းအင်အားသုံးရပ်ပေါင်းစည်းသည့်စွမ်းအားဖြင့်သာ လုပ်ကိုင်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့ကြောင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်ရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်အားသုံးအားပေါင်းစပ်၍ မျိုးချစ်စိတ်ဓာတ်ရှိရှိ ကြိုးကြိုးစားစား လုပ်ကိုင်သွားကြရန်ဖြစ်ကြောင်းဖြင့်မှာကြားပြီး တပ်မတော်သားများနှင့်မိသားစုများ၊ ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။

လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ဌာနဆိုင်ရာအကြီးအကဲများသည် ယနေ့နံနက် ၇နာရီတွင် ထားဝယ်မြို့ညော့်ရိပ်သာ၌ ထားဝယ်ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မောင်းမကန်ကမ်းခြေ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားမှုများနှင့် ကမ်းခြေ၏ သာယာလှပမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ထားဝယ်ခရိုင်အတွင်းရှိ ဒေသခံလုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပဏာမစကားပြောကြားရာ၌ တနင်္သာရီတိုင်းခရီးစဉ်တွင် မြိတ်မြို့ရောက်ရှိစဉ် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များအားတွေ့ဆုံ၍ တနင်္သာရီတိုင်းသည် နိုင်ငံတော်၏အားထားရသည့် တိုင်းကြီးတစ်တိုင်းဖြစ်လာနိုင်သည့် အလားအလာကောင်းများတည်ရှိနေပုံ၊ နိုင်ငံတော်၏ စီးပွားရေးအင်အား တောင့်တင်းလာရေးအတွက် ပုဂ္ဂလိက တိုင်းရင်းသားလုပ်ငန်းရှင်များ၌ တာဝန်ရှိပုံ၊ အတ္တနှင့် ပရမ္မတစွာ လုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်ပုံ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရာ၌ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍ အရေးကြီးပုံ၊ တာဝန်ကျေပွန်သော တိုင်းရင်းသားလုပ်ငန်းရှင်များအပေါ် နိုင်ငံတော်က လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်များအဖြစ် သဘောထားပုံတို့ကို ရှင်းလင်းလမ်းညွှန်မှာကြားခဲ့ပြီးဖြစ်ရာ အားလုံးသိရှိပြီးဖြစ်မည်ဟု ယုံကြည်ကြောင်း။

ပွင့်ပွင့်လင်းလင်းတင်ပြ

ထားဝယ်မြို့သို့ရောက်ရှိစဉ် ထားဝယ်ဒေသမှ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်၊ လိုအပ်သည်များကို သိရှိနိုင်ရန် ယခုကဲ့သို့အချိန်ယူ၍ တွေ့ဆုံခြင်းဖြစ်ကြောင်း။

ထားဝယ်ဒေသသည် ဆီအုန်း၊ ရော်ဘာ၊ သတ္တု၊ ရေလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဘက်စုံဆောင်ရွက်နိုင်သည့် ဒေသဖြစ်ကြောင်း၊ အရင်းအနှီးရှိသော တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများသာမက ဒေသအလိုက်ရှိသည့် အလယ်အလတ်နှင့် အငယ်စားလုပ်ငန်းရှင်များ၏ လုပ်ငန်းများအောင်မြင်ရေးအတွက် ဖြည့်ဆည်းပေးခြင်းအားဖြင့် လုပ်ငန်းရှင်များ၏အကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုး ဖြစ်ထွန်းမည်ဟု ယုံကြည်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ဆောင်ရွက်ချက်များ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ပွင့်ပွင့်လင်းလင်း တင်ပြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် ဆီအုန်းလုပ်ငန်းရှင်၊ ရော်ဘာလုပ်ငန်းရှင်၊ ရော်ဘာသစ်ခွဲသား စက်ရုံလုပ်ငန်းရှင်၊ ကြက်မွေးမြူရေးလုပ်ငန်းရှင်၊ သုံးဘီးယာဉ်တပ်ဆင်ထုတ်လုပ်ရေးလုပ်ငန်းရှင်၊ မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းရှင်၊ ရေလုပ်ငန်းရှင်၊ သတ္တုလုပ်ငန်းရှင်များက မိမိတို့ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအတွေ့အကြုံများ၊ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ ထားဝယ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်မင်း၊ ဦးအောင်သောင်း၊ ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဗိုလ်မှူးချုပ်လွန်းသီ၊ ဗိုလ်ချုပ်ဌေးဦး၊ ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဗိုလ်မှူးချုပ်သိန်းဇော်တို့က ထားဝယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအထွက် ဝန်ကြီးဌာနအလိုက် ပံ့ပိုးဖြည့်ဆည်းနိုင်သည်များကို ရှင်းလင်းပြောကြားကြသည်။

ရှင်းလင်းမှာကြား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ယခုဆွေးနွေးချက်များသည် တန်ဖိုးရှိပြီး လုပ်ငန်းရှင်များ၏အကျိုး၊ ဒေသအကျိုးတို့အတွက် မိမိတို့အပိုင်းက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပံ့ပိုးကူညီစောင့်ရှောက်သွားမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏စီးပွားရေးတောင့်တင်းခိုင်မာရေး၊ ဒေသစီးပွားတိုးတက်လာရေးအတွက် မိမိတို့အားလုံး နားလည်မှုရှိရှိ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြန်လည်ရှင်းလင်းမှာကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

အလုပ်အမှုဆောင်များတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တနင်္သာရီတိုင်းခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦး၊ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဗိုလ်ချုပ်သိန်းဆွေတို့သည် ဧပြီ ၇ ရက် မွန်းလွဲပိုင်းတွင် ထားဝယ်မြို့ရှိ တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ထားဝယ်ခရိုင်အတွင်းရှိမြို့နယ်များမှ တိုင်း၊ခရိုင်၊မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

စာမျက်နှာ ၁၁ ကော်လံ ၄ သို့

စည်းကမ်းရှိရှိ၊ စိတ်ဓာတ်ကောင်းကောင်း၊ လမ်းကြောင်းမှန်မှန်ဖြင့်

တက္ကသိုလ်လှမောင်

ကားဟွန်းမတီးရ နယ်မြေများသတ်မှတ်၍ စည်းကမ်းလုပ်လိုက်စဉ်က ကျွန်တော်တို့တစ်တွေ ဆန္ဒစောပြီး အမြင်မကြည်မလင် ဖြစ်ခဲ့မိသည်။ "အန္တရာယ်ရှိရင်တော့ မတီးလို့ဘယ်ဖြစ်မှာလဲကွာ"ဟု ဆင်ခြေပေးခဲ့ကြသည်။ အခုတော့လဲ ယာဉ်ကြောတွေမှာ ကားဟွန်းသံတွေတိတ်လို့၊ တယ်ဟုတ်နေပါလား။ အလေ့အကျင့်တစ်ခုဆိုသည်မှာ အသားမကျခင်တော့ ကသိကအောက်ဖြစ်ရမည်မှာဓမ္မတာပါပဲ။ ပြုပြင်လိုက်တော့လဲ ကောင်းသွားတာပါပဲ။ လူကြီးသူမများ၏ "ပျက်အစဉ်ပြင်ခဏ"ဆိုသည့် စကားရပ်သည် လွန်စွာမှန်ကန်လှသည်။ အနှစ်သာရရှိလှသည်။

ခက်နေသည်က ကျွန်တော်တို့တွင် ပျက်နေသည်ကို ပြင်ချင်စိတ်မရှိခြင်းက ခက်နေသည်။ ဒီထက်ပိုဆိုးသည်က ပျက်နေသည်ကို ပျက်နေမှန်းမသိခြင်းပင်။ အဆိုးဆုံးမှာတော့ ထိုပျက်နေမှုကိုပင် အပျက်မှန်းမသိသည့်အပြင် အကောင်းထင်နေခြင်းပင်ဖြစ်သည်။

လောကနီတိမှာ ဘာဆိုထားလဲဆိုတော့ လူမိုက်သည် သူ့ကိုယ်သူ ပညာရှိဟု ထင်နေလျှင် လူမိုက်အစစ်ဖြစ်၏။ လူမိုက်သည် သူ့ကိုယ်သူ လူမိုက်မှန်း သိနေလျှင်ပင် ပညာရှိဟုဆိုရသေး၏။ ဆိုနိုင်သေး၏။ ဆိုကောင်းသေး၏။ ထို့ကြောင့် မိမိတို့၏ အားနည်းချက်နှင့် ဟာကွက်ကို သိရှိနေရန် အရေးကြီးသည်။ သမ္မာဒိဋ္ဌိဆိုသည့် အယူမှန်ဖို့၊ လမ်းကြောင်းတည့်ဖို့ ကိစ္စကများစွာ အရေးကြီးလှသည်။ ကျွန်တော်တို့သည် အယူတွေမမှန်လို့ အယူတွေလွဲနေကြလို့ ဒုက္ခရောက်နေကြခြင်းဖြစ်၏။

အယူမှန်ရန် အသိတရားမှန်ဖို့ လိုပြန်သည်။ ကိုယ့်ကိုယ်ကိုတော့ "ငါသိငါတတ်"သိတယ်ဟု ထင်နေတတ်ကြသည်။ သို့သော် တကယ်သိပါသလား။ ဒေါသသည် မကောင်းကြောင်း၊ လောဘသည် မကောင်းကြောင်း၊ မနာလိုဝန်တိုမှုများသည် မကောင်းကြောင်း၊ အဆိုးမြင်ခြင်းများသည် မကောင်းကြောင်း သိနေကြသည်။ သိသည့်အတိုင်းသာ ကျင့်ကြံနိုင်ကြရင်တော့ အဘယ်ဆိုဖွယ်ရာ ရှိပါတော့မည်နည်း။

ထို့ကြောင့် အသိဆိုသည့်အသိကို ကျွန်တော်တို့ ပြန်ဆန်းစစ်ဖို့ လိုလာသည်။ "သိ"ဟု ဆိုရာ၌ စာသိ၊ ပေသိ၊ သုတသိဖြင့် မရပေ။ တွေးတောဆင်ခြင် သဘောကျ၍သိသော စိတ်သိဖြင့်လဲမရပေ။ အမှန်တကယ် မျက်တွေ့၊ လက်တွေ့၊ ဘဝသိ၊ ခန္ဓာသိမှသာ ဧကန်သိ၊ အမှန်သိဟု ဆိုရမည်။ သမ္မာသင်္ကပ္ပကို ထပ်ခါထပ်ခါ ပွားများအားထုတ်နေမှ သမ္မာဒိဋ္ဌိဖြစ်မည်။ သမ္မာဒိဋ္ဌိ၏ နောက်ကွယ်မှာ သမ္မာသင်္ကပ္ပ တွဲကပ်၍ လိုက်ပါနေသည်။ သမ္မာသင်္ကပ္ပရှိမှ သမ္မာဒိဋ္ဌိရှိမည်။ အယူမှန်၏ နောက်ကွယ်မှာ အတွေးအကြံမှန်တို့ ကပ်လျက်လိုက်ပါနေသည်။ အတွေးအကြံမှန်မှ အယူမှန်မည်။ တလွဲတချော်တွေသာ တွေးကြံနေကြရင် အယူတွေမှားမည်။ အယူတွေလွဲချော်မှားယွင်းနေလို့ကတော့ အလုပ်တွေလဲ ကမောက်ကမဖြစ်ပြီ။ ဒီတော့ တစ်သိထဲသိနေအောင်၊ မှန်ကန်တဲ့ အသိလေးတွေဆက်နေအောင် အားထုတ်မှ စွဲမြဲသောအသိဖြစ်ပြီး ဖောက်ပြန်မှု၊ နှောင့်ယှက်မှုတို့မှ ကင်းဝေးမည်။ အမှန်တွေးကြမှ အမှန်စခန်းရောက်နိုင်သည်။ အဆိုးမြင်တွေရှိနေသမျှ၊ အပြစ်တင်၊ အပြစ်မြင်မှုတွေရှိနေသမျှ အမှန်စခန်းမရောက်နိုင်ပါ။

အသိဆိုသည် သိရုံသာမဟုတ် ဘဝထဲရောက်မှ အသိအစစ်အမှန် အသိဉာဏ်ဟု ခေါ်နိုင်သည်။ အသိသည် ဉာဏ်နှင့်တွဲမှ၊ အသိကို နက်နက်နဲနဲ ထဲထဲဝင်ဝင် မမိုတ်မသုန်ယုံကြည်မှ၊ အသိကို သတိအမြဲ ကပ်ထားမှ ဘဝဆိုတာ လက်တွေ့ကျသည်။ အသိတစ်ခု ဘဝထဲရောက်မှ လက်တွေ့ကျလာမည်။ လက်တွေ့ကျင့်ကြံအားထုတ်ပွားများမှ အသိတို့၏ အကျိုးတရားများ ပေါ်ထွန်းလာမည်ဖြစ်သည်။ ဘဝဆိုတာကတော့ လက်တွေ့ ပြသနေသည်။ မကောင်းတာလုပ်မလား မကောင်းတာကိုပြမည်။ ကောင်းတာလုပ် ကောင်းတာကိုပြမည်။ ဘဝဆိုတာ ကြေးမုံရိပ်သွင် မှန်ပြင်လိုပါပဲ။ ရယ်ပြမည်။ ငိုပြမည်။ မိမိလုပ်သလို ဘဝက လိုက်ဖြစ်နေ၊ ပြနေမည်သာတည်း။

စာတွေတတ်ပြီး မိုက်နေကြသူတို့သည် အသိကို ဘဝထဲအရောက် မပို့ဆောင်နိုင်ကြသူများဖြစ်၏။ ဘာသာတရားမှာလည်း ပိဋကတ်သုံးပုံ အလုံးစုံတတ်သော်လည်း အကျွတ်တရားမရနိုင်သူများ ရှိနေခဲ့သည်။ ထို့ကြောင့် စာပေကပေးသောအသိ၊ လူကပေးသောအသိထက် ဘဝပေးအသိ၊ လက်တွေ့ပေးအသိက တန်ဖိုးကြီးလှသည်။

အသိတွေကြည်လင်၊ အမြင်တွေပီပြင်လာပြီဆိုရင်တော့ ကျွန်တော်တို့သည် စည်းကမ်းရှိသူများ၊ ယဉ်ကျေးသူများဖြစ်လာပါပြီ။ ဘာသာတရားတိုင်းတွင် လူတွေကို ယဉ်ကျေးအောင် ဆုံးမသွန်သင်ထားသည်။ မြတ်ဗုဒ္ဓ၏ "အနုတ္တရော ပုရိသ ဓမ္မသာရထိ"ဂုဏ်တော်သည် မယဉ်ကျေးသူများကို ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်သော ဂုဏ်တော်ဖြစ်သည်။ မြတ်စွာဘုရားကိုယ်တော်တိုင်သည်ပင် ကိုယ်ယဉ်ကျေးမှု၊ နှုတ်ယဉ်ကျေးမှု၊ စိတ်ယဉ်ကျေးမှု အားလုံးနှင့် ပြည့်စုံတော်မူသည့် အယဉ်ကျေးဆုံးသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်နေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာကို အများဆုံး ကိုးကွယ်နေကြသော မြန်မာနိုင်ငံသည်လည်း ကမ္ဘာတွင် အယဉ်ကျေးဆုံးသော နိုင်ငံတစ်ခု ဖြစ်ကိုဖြစ်ရမည်။

ကိုယ်၊ နှုတ်၊နှလုံး သုံးပါးစလုံးကို ယဉ်ကျေးအောင် ထိန်းသိမ်းထားနိုင်သော နိုင်ငံသားများအဖို့ စည်းကမ်းအကောင်းဆုံးလည်း ဖြစ်နေပါလိမ့်မည်။ အကြောင်းမူ ကိုယ်အပြု၊ နှုတ်အပြော၊ စိတ်အတွေးများ ကောင်းနေသမျှ စည်းကမ်းဆိုသည်မှာလည်း မလိုအပ်တော့လောက်အောင်ပင် ကောင်းနေတော့မည်သာ ဖြစ်သည်။ စည်းကမ်းဖောက်ခြင်းဆိုသည်မှာ ကာယကံမြောက်၊ ဝစီကံမြောက် ကျူးလွန်လိုက်ခြင်းဖြစ်သည်။ စိတ်ကလှုံ့ဆော်လိုက်လို့ ကိုယ်၊ နှုတ်တို့ဖြင့် ကျူးလွန်လိုက်ခြင်းဖြစ်ရကား စိတ်ကောင်း၊ နှလုံးကောင်းရှိဖို့ ပထမအရေးကြီးသည်။ နှလုံးသွင်းကောင်းဖို့ ဘာသာတရားအဆုံးအမများတွင် ရှိပြီးသား။ နှလုံးသွင်းကောင်းခြင်း၊ စည်းကမ်းထိန်းနိုင်ခြင်း ဆိုသည်မှာလည်း ဟီရိဩတ္တပ္ပဆိုသည့် အရှက်အကြောက်တရား နှစ်ပါးအပေါ်တွင် တည်နေပေသည်။ စည်းကမ်းဖောက်ရမှာရှက်ခြင်း၊ စည်းပျက်ကမ်းပျက်ဟု အပြောခံရမှာကြောက်ခြင်း၊ အလကား စည်းမဲ့ကမ်းမဲ့ အထင်ခံရမှာ ထိတ်လန့်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် အရှက်အကြောက်တရားဆိုသည့် ဟီရိဩတ္တပ္ပတရား နှစ်ပါးသည် ကမ္ဘာ့လူသားများကို ထိန်းသိမ်းထားသော ကမ္ဘာထိန်းတရား၊ လောကပါလတရား နှစ်ပါးဟု ဆိုသင့်ဆိုအပ်လှတော့၏။

ကျွန်တော်တို့ ဘာတွေကိုရှက်ရမှာလဲ၊ ဘာတွေကိုကြောက်ရမှာလဲ၊ ဘယ်လို စည်းကမ်းတွေကို ထိန်းသိမ်းရမှာပါလဲ။ ကျွန်တော်တို့သည် စည်းကမ်းရှိသော နိုင်ငံတော်ကြီးဆီသို့ ချီတက်နေသည်။ ကျွန်တော်တို့၏ လူ့ဘောင်အဖွဲ့အစည်းကို စည်းကမ်းရှိသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော အဖွဲ့အစည်းကြီး ဖြစ်လာအောင် တည်ဆောက်နေသည်။ ကျွန်တော်တို့ကို တဲပေါ်မှ တိုက်ပေါ်သို့ ရောက်အောင် မြှင့်တင်ပေးနေချိန်တွင် ကျွန်တော်တို့ကလဲ တဲပေါ်နေခဲ့တုန်းက စိတ်ဓာတ်တွေဖျောက်ပြီး တိုက်ပေါ်က အဆင့်မြင့်မြင့် စိတ်ဓာတ်မျိုးတွေ ရောက်ရမည်။ ရုပ်ပစ္စည်းဖွံ့ဖြိုးမှုနှင့် စိတ်နေစိတ်ထား မြင့်မားမှုတို့သည် အချိုးညီတိုးတက်သွားရမည်။ ရုပ်ပစ္စည်းတွေ တိုးတက်လာမှုကို စိတ်အခြေအနေ မြင့်မားမှုက အမီလိုက်ရမည်။

အချို့နိုင်ငံကြီးများတွင် ရုပ်ပစ္စည်းဖွံ့ဖြိုးမှုကို စိတ်အခြေအနေမြင့်မားမှုက အမီမလိုက်နိုင်၊ အချိုးမညီဖြစ်နေသောအခါ တိုးတက်သည်ဟု မပြောနိုင်ဘဲ ကျဆုံးပျက်စီးခြင်းများနှင့်သာ ကြုံနေရသည်။ ထို့ကြောင့် တိုင်းပြည်တိုးတက်မှုဆိုသည်မှာ ရုပ်ပစ္စည်းတစ်ခုတည်း တိုးတက်နေ၍မရပါ။ စိတ်ကောင်းစေတနာကောင်းတွေ၊ ကိုယ်ကျင့်တရားတွေ၊ စည်းကမ်းတွေပါ တိုးတက်လာမှ တိုးတက်ဖွံ့ဖြိုးမှုအစစ်အမှန်ဟု ပြောနိုင်မည်။

ရှေးအခါက ကျွန်တော်တို့ကို မြန်မာတွေစည်းကမ်းဖောက်လို့ ထီးနန်းပျောက်ခဲ့ရသည်ဟု အစွပ်စွဲခံရသည်။ ထိုစွပ်စွဲချက်မှန်-မမှန် ကျွန်တော်တို့ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်ကြည့်ဖို့လိုသည်။ တကယ်တော့ တစည်းတလုံးတည်း စည်းကမ်းတကျရှိနေခဲ့ပါလျှင် ကျွန်တော်တို့ကို မည်သို့သောအနှောင့်အယှက် ပယောဂမျှ ဝင်ပူးနိုင်မည်မဟုတ်ပါ။ ကျွန်တော်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ တစည်းတလုံးတည်း ကြိုးပမ်းအားထုတ်မှုကြောင့် ကျွန်တော်တို့ ယနေ့ကာလ၌ လွတ်လပ်ရေး၏ အရသာကို ခံစားနေရခြင်းဖြစ်သည်။ ကျွန်တော်တို့ စည်းကမ်းတွေ ဆက်ထိန်းမှ လွတ်လပ်ရေးကြီးအစွန့်ရှည်တည်တံ့မည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး တစ်စိတ်တစ်ဝမ်းတည်း စည်းကမ်းတကျ ရှိနေမှ နိုင်ငံတော်ကြီး အင်အားခိုင်မာတောင့်တင်းမည်။

စည်းကမ်းဆိုသည်မှာ အသေးအမွှားကအစ ထိန်းရမည်။ ကျွန်တော်တို့ ဘယ်သို့သော စည်းကမ်းတွေကို ထိန်းရပါမည်နည်း။ ကျွန်တော်တို့ အစားအသောက်၊ အဝတ်အဆင်၊ အနေအထိုင်၊အပြုအမူ၊အပြောအဆို၊ အတွေးအကြံတို့ကအစ စည်းကမ်းရှိရမည်။ တစ်နည်းဆိုရသော် ကိုယ်အပြု၊ နှုတ်အပြော၊ စိတ်အကြံမှန်သမျှ စည်းကမ်းရှိရမည်။ စည်းကမ်းရှိခြင်းသည် ယဉ်ကျေးခြင်းလည်း မည်၏။ အမျိုးသားယဉ်ကျေးမှုကို စောင့်ထိန်းခြင်းလည်း ဖြစ်သည်။ ကျွန်တော်တို့ အစားအသောက်တွေမှာ စည်းကမ်းရှိပါသလား၊ ဝတ်စားဆင်ယင်မှုတွေမှာရော အမျိုးသားယဉ်ကျေးမှုနှင့် ကိုက်ညီပါသလား၊ အနေအထိုင်၊ အပြုအမူ၊ အပြောအဆိုတွေမှာရော။ နောက်ပြီး အတွေးမှန်မှ အလုပ်မှန်မည်ဖြစ်သဖြင့် ကျွန်တော်တို့ တွေးနေတာတွေ၊ ကြံစည်နေတာတွေကအစ ပြန်ဆန်းစစ်ကြည့်ဖို့ လိုအပ်သည်။

တကယ်တော့ ကျွန်တော်တို့ နေ့စဉ်နှင့်အမျှ အလုပ်လုပ်ကိုင်နေကြသည်မှာ စားဝတ်နေရေးအတွက်ပင်ဖြစ်သည်။ ထိုအရေးများတွင် စည်းကမ်းရှိစေချင်ခြင်းသာဖြစ်သည်။ စားဝတ်နေထိုင်မှုတိုင်းမှာ မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာတွေ ရှိနေသည်။ ဝတ်စားနေထိုင်မှုတို့ကို မြန်မာ့ယဉ်ကျေးမှုဆိုသည့် ပေတံဖြင့်သာ တိုင်းရပါမည်၊ အရိုးကိုအရွက်မဖုံးစေရပါ။ မြေမျို၍ လူမျိုးမပျောက်ပါ၊ ယဉ်ကျေးမှုအမျိုခံရမှ နိုင်ငံရော လူမျိုးပါ စုံးစုံးနစ် ပျောက်ကွယ်သွားမည်ဖြစ်ရာ မည်မျှနစ်နာဆုံးရှုံးလိုက်ပါမည်နည်း။

ယခုအခါတွင် ကျွန်တော်တို့၏ ယဉ်ကျေးမှုနှင့် မကိုက်ညီသော အဝတ်အဆင်၊အစားအသောက်၊ အနေအထိုင် အပြုအမူများကို ပြန်လည်ဆန်းစစ် ပြုပြင်သင့်ပြီဖြစ်သည်။ မြန်မာလေးများ၊ မြန်မာမလေးများ ဝတ်စားဆင်ယင်ရာတွင် ယဉ်ကျေးမှုပြဒါးတိုင်ဖြင့်တိုင်း၍ ဆင်ယင်သွားလျှင် မည်မျှကောင်းလေစွနည်း။ ဈေးကွက်ကို အပြစ်တင်ရန်မဟုတ်ပါ။ ဈေးကွက်ကတော့ အကျိုးအမြတ်ရအောင်၊ ရောင်းအားကောင်းအောင် ဆွဲဆောင်ကြော်ငြာကြမှာပါပဲ။ ကျွန်တော်တို့ကသာ မြန်မာ့ယဉ်ကျေးမှုပေတံနဲ့တိုင်းပြီး ချင့်ချိန်ရမှာဖြစ်သည်။ ရှေးအခါက မြန်မာကုမ္ပဏီအမျိုးသမီးများ ရိုးရာဓလေ့ဝတ်ဆင်မှုဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို ဖော်ထုတ်ပြသခဲ့ဖူးသည်ကို မေ့ထား၍မဖြစ်ပါ။

အစားအသောက်များ အမျိုးမျိုးဆန်းကြယ်မှုကြောင့် ရောဂါမျိုးစုံတို့ ဖြစ်ပေါ်ရသည်။ စည်သွတ်ဘူးများ၊ စက္ကူဘူးများ၊ အသင့်စားသုံးနိုင်သော အထုပ်များကို တာရှည်ခံအောင်လုပ်ရသည့်အခါ ဓာတုဗေဒပစ္စည်းများ သုံးရသည်။ အရသာပိုရှိအောင်လည်း ဓာတုပစ္စည်းအကူအညီယူရသည်။ လတ်လတ်ဆတ်ဆတ်တွေ မဟုတ်တော့။ ဓာတ်အပြောင်းအလဲတွေ ဖြစ်ကုန်၏။ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ အရိုးအဆစ် အာရုံကြောရောဂါတွေ အဖြစ်များလှ၏။ လစ်ပိုနဲ့ ကျွဲရိုင်းဘူးတွေသောက်လို့ ဆေးရုံတက်ရောက်ကုသရကြောင်း ရုပ်မြင်သံကြားမှာကြည့်လိုက်ရသည်။ ဒီလို ဘူးတွေနဲ့လာတာ၊ ပုလင်းနဲ့လာတာ၊ အထုပ်နဲ့လာတဲ့ အစားအစာတွေကို သူတို့နိုင်ငံမှာ Junk Food လို့ ခေါ်ကြောင်း၊ Junk ဆိုသည်မှာ Cheap and worthless အသုံးမကျသော အချည်းနှီး အစားအစာတွေဖြစ်ကြောင်း၊ စွန့်ပစ်တဲ့ ပစ္စည်းအမှိုက်ဖြစ်ပြီး တကယ့် Real Food မဟုတ်ဘဲ ကောင်းတဲ့ပစ္စည်းလို့ ထင်ရအောင် လှည့်စားထားတဲ့ အစာတုတွေဖြစ်ကြောင်း စာတစ်အုပ်မှာ ဖတ်လိုက်ရသည်။ အချို့မှန့်လည်း ထိုနည်းလည်းကောင်းပင်။ အချို့မှုန့် ထုတ်လုပ်သည့်နိုင်ငံမှာ မစားသုံးဘဲ ဒီမှာဈေးကွက်လာဖြစ်နေသည်။ ကျွန်တော်တို့ အစားအသောက်တွေမှာလဲ စည်းကမ်းရှိဖို့ အချိန်တန်နေပေပြီ။

အနေအထိုင် အပြုအမူများနှင့် ပတ်သက်၍လဲ မြန်မာ့ယဉ်ကျေးမှု မျက်နှာစာမှ ပြန်လည်ဆန်းစစ်ကြည့်မြင်သင့်သည်။ ကွမ်းတွေကို စည်းမဲ့ကမ်းမဲ့ စားနေပြီး ကွမ်းတံတွေးတွေ တပျစ်ပျစ်နှင့် ထင်ရာထွေးနေမှု မပြုသင့်ပေ။ ရှေးအခါက မြန်မာကြီးများသည် ကွမ်းစားလျှင် ထွေးခံထဲမှာသာ ထွေးကြသည်။ နန်းတော်တိုင်ကိုထုံးသုတ်မိ၍ ကိုယ်တိုင်လက်ညှိုးကိုဖြတ်ပစ်ကာ စည်းကမ်းနမူနာပြခဲ့သည်။ ကွမ်းစားခြင်းသည် ခံတွင်းကင်ဆာဖြစ်တတ်ကြောင်း ရုပ်မြင်သံကြားဖန်သားပြင်မှလည်း သတိပေးနေသည်။

အမှိုက်များကိုလည်း ထင်သလိုပစ်ချနေကြသည်။ စည်းကမ်းနှင့်အညီ အမှိုက် ပစ်ပါလျှင် မည်မျှကောင်းလိုက်လေမည်နည်း။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လိုလျှင် ကျွန်တော်တို့၏ အပြုအမူ၊ အနေအထိုင်များလည်း အဆင့်နိမ့်ကျန်ခဲ့၍ မဖြစ်ပေ။ ရေမြင့်လျှင် ကြာတင့်သလို အမီလိုက်၍ ပြုပြင်နိုင်မှ လိုက်လျောညီထွေဖြစ်ပြီး အဆင့်မြင့်သော နိုင်ငံဖြစ်လာနိုင်ပါမည်။

စိတ်ဓာတ်မြင့်မားရေးနှင့်ပတ်သက်၍လည်း တင်ပြလိုသည်။ တိုင်းပြည်တိုးတက်လာသည်နှင့်အညီ အသိပညာရှင်၊ အတတ်ပညာရှင်တို့လည်း ပေါ်များလာမည်။ စိတ်ဓာတ်အခြေအနေမမြင့်မားပါလျှင် ထိုပညာရပ်များသည် လူတွေကို အန္တရာယ်ပြန်ပေးနိုင်သည်။ ဒုတိယကမ္ဘာစစ်တွင် ဟီရိုရှီးမားမြို့ပေါ် အဏုမြူဗုံးဖောက်ခွဲမှုကြောင့် လူပေါင်းများစွာ သေကျေအညွန့်တုံးခဲ့ရခြင်းဖြစ်ရပ်သည် အသိပညာ၊ အတတ်ပညာတို့၏ ကြောက်မယ်ဖွယ်ကောင်းသော အန္တရာယ်သာဓကများဖြစ်သည်။ အတတ်ပညာရှင်များအနေဖြင့် စိတ်ဓာတ်မြင့်မားစွာဖြင့် စိတ်ကောင်း၊ စေတနာကောင်းထားမှ လူသားများအတွက် အကျိုးကျေးဇူးဖြစ်ထွန်းနိုင်မည်။

အမျိုးသားညီလာခံမှာ ဆွေးနွေးနေကြသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ထွန်းရေး ဆိုသည်မှာလည်း ဥပဒေဆိုင်ရာ၊ တရားစီရင်ရေးဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ကျွန်တော်တို့၏ စည်းကမ်းစာအုပ်ကြီးဟုပင် ဆိုချင်သည်။ ကျွန်တော်တို့သည် ချမှတ်ထားသော စည်းကမ်းဥပဒေတို့ကို လေးစားလိုက်နာ သွားရမည်။ စည်းကမ်းလိုက်နာမှ နိုင်ငံတိုးတက်မည်။ **"သမဂ္ဂါနံ တပေါ သုခေါ"**တညီတညွတ်တည်း စည်းကမ်းတကျဖြစ်နေပါလျှင် မည်မျှ ချမ်းသာလိုက်လေမည်နည်း။ ဒီမိုကရေစီဆိုရာတွင်လည်း စည်းပျက်ကမ်းပျက် ဒီမိုကရေစီကိုမလိုလားအပ်၊ စည်းကမ်းရှိသော ဒီမိုကရေစီနိုင်ငံတော်သာဖြစ်သင့်သည်။

ထို့ကြောင့် ကျွန်တော်တို့ ပြုပြင်သင့်တာတွေပြုပြင်၊ တီထွင်သင့်တာတွေကိုလည်း တီထွင်၍ မြန်မာ့ယဉ်ကျေးမှုဆိုသည့် ပေတံနှင့်တိုင်းကာ အရိုးကို အရွက်မဖုံးအောင် နေထိုင်ပြုမူသွားကြမည်ဆိုပါက ကျွန်တော်တို့နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထာဝရတင့်တယ် ဝင့်ထည်စွာ ရပ်တည်သွားနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးစလုံးကို ယဉ်ကျေးအောင်ထိန်းသိမ်းထားနိုင်သော နိုင်ငံသားများအဖို့ စည်းကမ်းအကောင်းဆုံးလည်း ဖြစ်နေပါလိမ့်မည်။ အကြောင်းမူ ကိုယ်အပြု၊ နှုတ်အပြော၊ စိတ်အတွေးများ ကောင်းနေသမျှ စည်းကမ်းဆိုသည်မှာလည်း မလိုအပ်တော့လောက်အောင်ပင် ကောင်းနေတော့မည်သာဖြစ်သည်။ စည်းကမ်းဖောက်ခြင်းဆိုသည်မှာ ကာယကံမြောက်၊ ဝစီကံမြောက် ကျူးလွန်လိုက်ခြင်းဖြစ်သည်။ စိတ်ကလှုံ့ဆော်လိုက်လို့ ကိုယ်၊ နှုတ်တို့ဖြင့် ကျူးလွန်လိုက်ခြင်းဖြစ်ရကား စိတ်ကောင်း၊ နှလုံးကောင်းရှိဖို့ ပထမအရေးကြီးသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ လာအိုနိုင်ငံမှပြန်လည်ရောက်ရှိ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ခဲ့

ရန်ကုန် ဧပြီ ၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဧပြီ ၅ ရက်တွင်ကျင်းပသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး(Retreat)နှင့် ဧပြီ ၆ ရက်တွင်ကျင်းပသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ နဝမအကြိမ်မြောက် အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ဧပြီ ၅ရက် ညနေ ၃နာရီတွင် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးကို Don Chan Palace Hotel၌ ကျင်းပရာ အာဆီယံနိုင်ငံများ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များ လျော့နည်းစေရေးနှင့် စပ်လျဉ်းသည့်အချက်များအား ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်က တင်ပြ၍ ၂၀၀၆ ခုနှစ် စက်တင်ဘာလလယ်၌ စင်ကာပူနိုင်ငံတွင်ကျင်းပမည့်အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်နှစ်ပတ်လည်အစည်းအဝေးများအတွက်ကြိုတင်ပြင်ဆင်ထားချက်များအား စင်ကာပူနိုင်ငံကိုယ်စားလှယ်တစ်ဦးက တင်ပြပြီး ၂၀၀၅ခုနှစ် စက်တင်ဘာ ၂၂ရက်၌ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပမည့် 2nd ASEAN Finance Ministers Investors Seminarပြင်ဆင်ထားမှုများအား ထိုင်းနိုင်ငံကိုယ်စားလှယ်က တင်ပြခဲ့သည်။ အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးအကြံပြုကြသည်။ အာဆီယံဘဏ္ဍာရေးဝန်ကြီးများအကြား အလွတ်သဘော ခင်မင်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

နဝမအကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဧပြီ၆ရက် နံနက် ၈နာရီခွဲတွင် ယင်း Hotel၌ ကျင်းပရာ လာအိုနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး H.E Chansy Phosikham က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် ဝန်ကြီး H.E Bounnhang Vorachith က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အမြင်ချင်းဖလှယ်

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ လာအိုနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး H.E Chansy Phosikham က သဘာပတိအဖြစ် ဆောင်ရွက်သည်။ အစည်းအဝေးတွင် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ Mr.Haruhiko Kuroda မှ အာရှဒေသ၌ အဓိကစီးပွားရေးဖြစ်ပေါ်မှုအခြေအနေများနှင့်တကွ ဒေသတွင်း ဂယက်ရိုက်လျက်ရှိသည့် အဓိကစိန်ခေါ်မှုများ၊ မူဝါဒပြုပြင်ပြောင်းလဲမှုများ၏ တိုးတက်မှုအခြေအနေများနှင့် ဒေသတွင်း စီးပွားရေးတိုးတက်ခိုင်မာစေရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းသစ်များကို ဝန်ကြီးများအားတင်ပြရာ ဘဏ္ဍာရေးဝန်ကြီးများက တင်ပြချက်အပေါ် အမြင်ချင်းဆွေးနွေးဖလှယ်ကြသည်။

ဆက်လက်၍ အာဆီယံဒေသတွင်း စီးပွားရေး၊ ငွေရေးကြေးရေး နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် မူဝါဒရေးရာကိစ္စရပ်များကို အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. Pengiran Dato Mashor P. Ahmad က တင်ပြခဲ့သည်။

ဘဏ္ဍာရေး ဝန်ကြီးများသည် ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ အာဆီယံပေါင်းစည်းရေး လမ်းပြမြေပုံ၏ ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများဆောင်ရွက်မှု အခြေအနေ၊ ဗီယင်ကျန်း လုပ်ငန်းအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေ၊ ဇင်းမယ် အစီအစဉ် အကောင်အထည်ဖော်မှု အခြေအနေနှင့် အာရှငွေချေးစာချုပ်၊ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဆိုင်ရာဆောင်ရွက်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် လမ်းညွှန်မှု ပြုခဲ့ကြသည်။

အာဆီယံဘဏ္ဍာရေးဝန်ကြီးများမှ ASEAN Framework Agreement on Services အရဆောင်ရွက်လျက်ရှိသည့် အာဆီယံငွေရေးကြေးရေး လွတ်လပ်ခွင့်ပေးရေး တတိယအကျော့ဆွေးနွေးညှိနှိုင်းမှုများအတွက် ဖြေလျော့ပေးသည့် သဘောတူညီချက်များကို အကောင်အထည်ဖော်ရန်အတွက် Protocol to Implement the Third Package of Commitments of Financial Services Liberalization under AFAS အား အတည်ပြု လက်မှတ်ရေးထိုးခဲ့ကြသည်။ အာဆီယံငွေကြေးလဲလှယ်မှု အစီအစဉ်တိုးချဲ့ရေးကို သဘောတူခဲ့ပြီးနောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ ပူးတွဲသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ပြီး သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၇ရက် ညနေပိုင်းတွင် ထိုင်းလေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ဒုတိယဝန်ကြီးနှင့် အဖွဲ့အား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မိသားစုများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

စာမျက်နှာ ၉ မှ

ထိုသို့တွေ့ဆုံရာတွင် တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် ခရိုင်အသင်းအတွင်းရေးမှူးတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းမှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးက ကျစ်လျစ်ခိုင်မာတောင့်တင်းသည့်အသင်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ယုံကြည်ချက်၊ ခံယူချက် ခိုင်ခိုင်မာမာဖြင့် အသင်းကြီး၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

အလားတူ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဧပြီ ၇ရက် နံနက်ပိုင်းတွင် ရေဖြူမြို့နယ် ပုဂေါ်ဇွန်းကျေးရွာအနီးရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ပုဂေါ်ဇွန်း ဆီအုန်းစက်ရုံနှင့် ဆီအုန်းခြံသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဆီအုန်းခြံများ အခြေအနေနှင့် ဆီကြမ်းထုတ်လုပ်မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးသည် ထုတ်လုပ်မှုရည်မှန်းချက်များအတိုင်း ရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဆီအုန်းခြံအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ အလေအလွင့်နည်းပါးရေးတို့ကိုမှာကြားပြီး ဆီအုန်းစက်ရုံနှင့် ဆီအုန်းခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၇ရက် ညနေပိုင်းတွင် ထားဝယ်မြို့ သစ်တောဦးစီးဌာနရုံး၌ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်လုပ်ရေးဌာန ပြည်တွင်း(ရောင်း/စက်)မှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရေး၊ စိုက်ခင်းများ အောင်မြင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရေး၊ မောင်းမကန် ရေဝေရေလဲဒေသ သစ်တောများ ထိန်းသိမ်းရေးနှင့် တိုးချဲ့စိုက်ပျိုးရေး၊ မြိုးခြံရွှေတာရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။ **(သတင်းစဉ်)**

လယ်တီမူ သင်္ကြန်အထူးတရားစခန်း

ရန်ကုန် ဧပြီ ၈

သန်လျင်မြို့နယ် ပျဉ်ထောင်ကျောင်းကျေးရွာ ဓမ္မသုခကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် လယ်တီမူဝိပဿနာ သင်္ကြန်ခုနစ်ရက်တရားစခန်းပွဲကို ဧပြီ ၁၃ရက်မှ ၁၉ရက်အထိ ကျင်းပမည်ဖြစ်ရာ နာယကဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရ ကြီးမှူးပြီး ကျိုက္ကစံ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဓမ္မာလောက(ဓမ္မာစရိယ)က ဝိပဿနာ ကမ္မဋ္ဌာန်းတရား ဟောပြောပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဧပြီ ၁၂ ရက်နောက်ဆုံးထားပြီး စာရင်းပေးသွင်းလာရောက်ရန် ဖိတ်ကြားထားကြောင်းနှင့် ဆက်သွယ်ရန် ဖုန်း-၀၁-၅၆၀၇၁၀ ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၄-၂၀၀၅(စနေနေ့)

၇း၀၀	အဖွင့်အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ချည်မျှင်ရှည်ဝါ အထွက်တိုးနည်းပညာ
၇း၂၀	နိုင်ငံတကာသတင်း
၇း၂၅	ခါသင်္ကြန်အဆိုအက
၇း၃၀	မိုးလေဝသခန့်မှန်းချက်
၇း၃၅	ဝါသနာရှင်စင်မြင့်
၈း၁၅	မင်းမသိသေးပါဘူးကွာ
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	ချစ်စရာ့ရွှေကျင်
၈း၄၀	ခါသင်္ကြန်အဆိုအက
၈း၄၅	ပြည်တွင်းသတင်း
၈း၅၀	မျက်လှည့်ပဒေသာပျော်ရွှင်စရာ
၉း၁၀	ကရင်ရိုးရာဝတ်စားဆင်ယင်မှု
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	နိုင်ငံတကာသတင်း
၉း၂၅	လက်ဆင့်ကမ်းဝေဂီတအမွေ
၁၀း၀၀	ယူရီးယားဓာတ်မြေသြဇာ ထုတ်လုပ်မှုကဏ္ဍ
၁၀း၂၀	ခါသင်္ကြန်အဆိုအက
၁၀း၂၅	ပြည်တွင်းသတင်း
၁၀း၃၀	ဆပ်သွားတံတား
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီး
၁၁း၀၀	အပိတ်

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာရိုးရာသိုင်း ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုများရွေးချယ်

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၏ မြန်မာရိုးရာသိုင်း ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုရွေးချယ်ပွဲကို ဧပြီ ၅ ရက်က မြန်မာနိုင်ငံဓာတ်ပုံအသင်းတိုက်၌ ကျင်းပရာ မြန်မာနိုင်ငံဓာတ်ပုံအသင်း၏အကဲဖြတ်ဆရာကြီးများဖြစ်သော ဦးမောင်မောင်တင်၊ ဦးမောင်မောင်သောင်း၊ ဦးသန်း(ကုန်သွယ်ရေး)၊ ဥက္ကလာထွန်းရွှေ၊ ဦးမြင့်သိန်းဖေ(မြန်မာ့ရုပ်ရှင်)တို့ဖြင့် ရွေးချယ်သည်။

ပထမဆုကို ကိုလှထွန်း၊ ဒုတိယဆုကို ကိုကိုစိုးညွန့်၊တတိယဆုကို ကိုစိန်ဌေး၊နှစ်သိမ့်ဆုများအဖြစ် ရွှေလေ့မျိုးအောင်၊ မြင့်သိန်း(ရူပ)၊ ညီညီစိုးညွန့်၊ ကိုစိန်ဌေး၊ စိုင်းခမ်းလင်း (Hawk Eyes)၊ လင်းထင်(Medium)၊ ကျော်သာ၊ ဇော်ဇော်ထွန်း၊ ကိုလှထွန်းတို့ အသီးသီးရရှိကြသည်။

ရွေးချယ်ခံရသူများ၏မူရင်း Negative Original File များကို ဧပြီ ၁၂ ရက်တွင် စိစစ်ပြီး စည်းကမ်းချက်မကိုက်ညီသောပုံများကို ပယ်ဖျက်၍ နောက်ထပ်အဆင့် ဆုအသီးသီး ဆက်လက်ချီးမြှင့်နိုင်ရန် အရန် ၁၀ ဆုကို ရွေးချယ်ထားသည်။ ဆုချီးမြှင့်ပွဲကို ဧပြီနောက်ဆုံးပတ်၌ ကြေညာသွားမည်ဖြစ်သည်။ အရန် ၁၀ဆု ရွေးချယ်ခံရသူများကိုလည်း ထိုက်သင့်သောဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် ဧပြီ ၈

ဧပြီ ၈ရက် မြန်မာစံတော်ချိန် ၀၂ နာရီ ၃၈မိနစ် ၄၇စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင်၁၃၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ ထုတ်ပြန်သည်။

ပေါင်းတည်မြို့ သီတဂူဓမ္မသဘင်

ရန်ကုန် ဧပြီ ၈

ပေါင်းတည်မြို့ ဘုရားကြီးလမ်း ရှမ်းမလေးကုန်မျိုးစုံစတိုးပိုင်ရှင် ဦးဂျုန္နကီး-ဒေါ်သိန်းရင် မိသားစုတို့၏ သီတဂူဓမ္မပူဇာသဘင်အလှူတော်မင်္ဂလာပွဲကို ဧပြီ ၁၁ရက်မှစ၍ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ပိဋကတ်တစ်ပုံခွဲဆောင် သီတဂူကြာတစ်ပွင့် အရှင်ခေမာသိရီလင်္ကာရနှင့် ဧပြီ ၁၂ရက် ညတွင် သီတဂူဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာအရှင်ဉာဏိဿရ (D.Litt)အရှင်မြတ်နှစ်ပါးတို့က ညစဉ် ၇နာရီမှစ၍ တရားတော်များ ဟောကြားချီးမြှင့်မည်ဟု သိရသည်။ **(က-ပ)**

ကချင်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းမည်

ရန်ကုန် ဧပြီ ၈

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျားမိုးအနည်းငယ်ရွာခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၂၄ လက်မဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ဧပြီ ၉ ရက်ညနေအထိ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်သည်။ **(မြန်မာ့အလင်း)**

ကွန်ပျူတာတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၈

ကွန်ပျူတာတက္ကသိုလ်တွင် ၁၉၈၆-၁၉၈၇ ပညာသင်နှစ်မှစတင်၍ယနေ့အထိပညာသင်ကြားခဲ့ကြသည့် ကျောင်းသူ ကျောင်းသားဟောင်းများ၏ ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲကို ၂၀၀၅ခုနှစ်မေလ၌ ကျင်းပပြုလုပ်မည် ဖြစ်သည်။ မြတ်ဆရာပူဇော်ပွဲအတွက် ကျောင်းသူ ကျောင်းသားဟောင်းများအနေဖြင့် ငွေပဒေသာပင်အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပြီး ကွန်ပျူတာတက္ကသိုလ်တွင် သင်ကြားပို့ချခဲ့ကြသည့် ဆရာ ဆရာမကြီးများသည် မြတ်ဆရာပူဇော်ပွဲသို့ ကြွရောက်နိုင်ရန်အတွက် ကျောင်းသားဟောင်းများဖြစ်ကြသည့် ဦးအေးထွန်းလွင် ဖုန်း-၀၉၅-၁၁၉၁၁၇၊ ဦးမင်းဦး ၀၉-၅၀၀၇၁၆၆၊ ဦးကျော်ကျော်နိုင် ဖုန်း-၀၉-၉၉-၂၈၆၃၇၊ ဦးဖြိုးဝေစိုး ဖုန်း-၅၈၁၄၅၃၊ ဦးမျိုးမင်းအောင်ကျော် ဖုန်း-၀၉-၅၀-၀၉၅၅၂ တို့သို့ ဆက်သွယ်ကြရန်နှင့် မြတ်ဆရာပူဇော်ပွဲနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို www.ucsy.net တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၈-၄-၂၀၀၅

မကွေး, **မင်းဘူး** } **၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)**

ဒေသဖွံ့ဖြိုးရေး အဓိကသီးနှံ ၁၀ မျိုးနှင့် အမယ်သစ်သီးနှံ နှစ်ရှည်သီးနှံတိုးချဲ့စိုက်ပျိုး ကြက်နှင့်ဘဲအပြင် ငါးမွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် မွေးမြူ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဧရာဝတီတိုင်းအတွင်း ဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၈

ဧရာဝတီတိုင်း ဖျာပုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၆ ရက် နံနက် ၇ နာရီတွင် ဖျာပုံမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ဖျာပုံ-ကျုံကဒွန်း-အမာ ကားလမ်းပိုင်း ကြံ့ခိုင်မှုအခြေအနေနှင့် ပြုပြင်မွမ်းမံမှုအခြေအနေများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် နံနက် ၉ နာရီခွဲတွင် ဖျာပုံခရိုင် အမာမြို့သို့ ရောက်ရှိကြရာ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် စွမ်းအင်ဝန်ကြီးဌာန အမာအခြေစိုက်စခန်းသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသတိုးတက်မှုများနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ အမာမြို့ အထွေထွေအုပ်ချုပ်ရေးမှူး ဦးစံသာထွန်းက အမာမြို့ဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကသီးနှံ ၁၀ မျိုးနှင့် ဒေသနှင့် ကိုက်ညီသည့် နှစ်ရှည်သီးနှံနှင့် အမယ်သစ် သီးနှံများကို တိုးချဲ့စိုက်ပျိုးရေး၊ ဒေသ ကြက်နှင့်ဘဲအပြင် ငါးမွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်အထိ မွေးမြူရေး၊ ကုန်စည်စီးဆင်းမှုများ မြန်ဆန်သွက်လက်ရေးအတွက် အမာ-ကျုံကဒွန်း-ဖျာပုံလမ်းကို ရာသီမရွေး သွားလာနိုင်အောင် ဆောင်ရွက်ရေးနှင့် ပညာရေးဆိုင်ရာများကိုအကျယ်တဝင့် ရှင်းလင်းမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ကျေးလက်ဒေသ သောက်သုံးရေရရှိရေးအတွက် အမာမြို့ အမှတ်(၄) ရပ်ကွက်၌ အလျားပေ ၂၀၀၊ အနံ ၈၆ ပေနှင့် အမြင့် ငါးပေခွဲရှိ ရေဂါလန် ငါးသောင်းခွဲဆံ့ သောက်သုံးရေကန်ကို စက်ယန္တရားကြီးဖြင့် တူးဖော်နေမှု အခြေအနေကိုလည်းကောင်း၊ အမာမြို့ စည်ပင်သာယာရေးဦးစီးဌာနရုံးနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ လည်းကောင်း၊ အမာမြို့ ရဲတပ်ဖွဲ့စခန်းသို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် အမာမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာကြရာ မြောင်းမြခရိုင် လပွတ္တာမြို့နယ် ပြင်စလူမြို့သို့ ညနေ ၆ နာရီတွင် ရောက်ရှိကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများက ကြိုဆို နှုတ်ဆက်ကြသည်။

တက်ရောက်အားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme)နှင့် မြန်မာ့ဖွံ့ဖြိုးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့က ကြီးကြပ်ဆောင်ရွက်၍ ပြင်စလူမြို့ အောင်ခြင်းရှစ်ပါး မင်္ဂလာရေကန် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးသည်။

အစီအစဉ်အရ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနား ကျင်းပရာ မင်္ဂလာမုခ်ဦးရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်းနှင့် မြို့မိ မြို့ဖ ဦးရွှေနှင့် တာဝန်ရှိသူတစ်ဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ဖွင့်လှစ်ပြီး အောင်ခြင်းရှစ်ပါး မင်္ဂလာရေကန်အား ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ အောင်ခြင်းရှစ်ပါး မင်္ဂလာရေကန်မှာ ၁၈၈၀ အကျယ်ရှိ၍ ရေဂါလန် ၂၂၅ သိန်း သိုလှောင်နိုင်ပြီး ငွေကျပ် ၃၈၉၇၆၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြင်စလူနှင့် ပင်လယ်ကမ်းခြေရွာများဖြစ်သည့် နံ့သာကုန်း၊ ကုန်းကြီး၊ ထန်းပင်ကုန်း၊ အောင်လှိုင်၊ ကျားကျောင်း၊ ဝါးဘိုးကုန်း၊ လေယာဉ်ကွင်း စသည့် ကျေးရွာခုနစ်ရွာနှင့် ဆက်သွယ်ထားသည့် အရှည် ငါးမိုင်၊ အကျယ် ပေ ၅၀ ရှိ ဗိုလ်ချုပ်လမ်းမသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးသည်။

ရေးဦးစွာ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်နှင့် မြန်မာ့ဖွံ့ဖြိုးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းမှ ထောက်ပံ့ပို့ဆောင်ရေးအရာရှိ ဦးစောတင်လေးက လမ်းဖောက်လုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အထိမ်းအမှတ်အလံပေးအပ်

ထို့နောက် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ စီမံကိန်းအရာရှိ မစ္စတာ ကာအိုရှီတာနာဘီက ဖွင့်ပွဲအထိမ်းအမှတ်အလံကို ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းအား လည်းကောင်း၊ ဦးစောတယ်ဒီက တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများအား လည်းကောင်း ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ဖွင့်ပွဲအခမ်းအနားကျင်းပရာ မင်္ဂလာမုခ်ဦးရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွဋ်ဝင်းက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ဖွင့်လှစ်ပြီး လမ်းအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပြင်စလူနှင့် ပင်လယ်ကမ်းခြေရှိ ရွာခုနစ်ရွာ ဆက်သွယ်ထားသည့် ဗိုလ်ချုပ်လမ်းမှာ အရှည်ငါးမိုင်နှင့် အကျယ် ပေ ၅၀ ရှိပြီး ငွေကျပ် ၁၂၂၈၈၀၀၀ အကုန်ခံ ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

ရင်းရင်းနှီးနှီး

လမ်းဖွင့်ပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

လမ်းသစ်ဖွင့်ပွဲ တက်ရောက်အားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပြင်စလူမြို့ ဗိုလ်ချုပ်လမ်းမသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန်ရက်များအတွင်း ရေပြတ်လပ်မှုလျော့နည်းရေး စီစဉ်ဆောင်ရွက်ထား

ရန်ကုန် ဧပြီ ၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က မဟာသင်္ကြန်ရက်များအတွင်း ပြည်သူအများ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ကြရန်နှင့် ရေပြတ်လပ်မှုလျော့နည်းစေရေးအတွက် ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်နှင့် ဗိုလ်တထောင်မြို့နယ် လေးမြို့နယ်၊ ရန်ကုန်ဆေးရုံကြီးနှင့် အရေးကြီးနယ်မြေများတွင် ၂၄ နာရီ ရေပေးဝေထားမည် ဖြစ်သည်။

ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်နှင့် ဗဟန်းမြို့နယ်တို့ကို နံနက် ၇ နာရီမှ နံနက် ၁၁ နာရီအထိ တစ်ကြိမ်နှင့် ညနေ ၃ နာရီမှ ညနေ ၆ နာရီထိ တစ်ကြိမ်သတ်မှတ်ကာ တစ်နေ့နှစ်ကြိမ် ရေပေးဝေသွားမည်ဖြစ်ပြီး အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်တို့တွင် နေ့စဉ် နံနက် ၇ နာရီမှ ၉ နာရီအထိ ရေပေးဝေသွားမည်ဖြစ်သည်။

ပုံမှန်ရေပေးဝေချိန်

ထို့ပြင် မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်းနှင့် သာကေတမြို့နယ်တို့ကို ယခင် ရေပေးနေကျအချိန်အတိုင်း ပေးဝေသွားမည်ဖြစ်ပြီး ဧပြီ ၁၇ ရက်မှစ၍ မြို့နယ်အားလုံးကို ယခင် ပုံမှန်ရေပေးဝေချိန်အတိုင်း ဆက်လက်ဖြန့်ဝေသွားမည် ဖြစ်သည်။

သတ်မှတ်ရေပေးချိန်အတွင်း ရေပိုက်များ အရေးပေါ်ပြင်ဆင်ရန်လိုအပ်ပါက သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ပြီး ရေနှင့်သန့်ရှင်းမှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အရေးတကြီး အကူအညီလိုအပ်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဖုန်း-၂၄၃၅၅၀ နှင့် ၃၈၂၉၉၀ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီး ဌာနသို့ အာဆီယံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး (ဂျပန်) (AMCWA)မှအာထရာဆောင်း တစ်လုံး လှူဒါန်းပွဲကို ဧပြီ ၅ ရက်က ပြည်မြို့ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ရုံးခန်း၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းကိုကိုထံ ဒါရိုက်တာ ဌာနေ ကိုယ်စားလှယ် မစ္စတာ အီဆာဂါဝါအာကီဟီကိုက ပေးအပ်လှူဒါန်းစဉ်။ (ကျန်းမာရေး)

အိပ်ချ်အိုင်ဗွီ၊အေအိုင်ဒီအက်စ် ဉာဏ်ရည်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့နှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) FHAM အစီအစဉ်တို့ပူးပေါင်း၍ အသက်(၁၅)နှစ်မှ (၂၄)နှစ်အတွင်း လူငယ်များအတွက် "အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဉာဏ်ရည်ပြိုင်ပွဲ(ပုသိမ်မြို့)"ကို "လူငယ်စွမ်းအား ပိုမြင့်မား၊ တားဆီးတိုက်ဖျက် အေအိုင်ဒီအက်စ် (Youth Smarter than AIDS)"ခေါင်းစဉ်ဖြင့် ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်များတွင် ပုသိမ်မြို့ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ (ဆေးရုံဝင်း၊ သံဃာဆောင်အနီး)၌ ကျင်းပမည်ဖြစ်ပြီး ပထမဆု ငွေကျပ် တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သောင်း၊ တတိယဆု ငွေကျပ် ငါးသောင်းနှင့် နှစ်သိမ့်ဆု(၃)ဆု ငွေကျပ် နှစ်သောင်းစီကို ထိုက်တန်စွာ ချီးမြှင့်သွားမည် ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ဧရာဝတီတိုင်းအတွင်းမှ စိတ်ပါဝင်စားသူ လူငယ်များသည် ဧပြီ ၂၂ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အဆိုပါခန်းမ၌ မှတ်ပုံတင်ကတ်ပြား သို့မဟုတ် ကျောင်းသားကတ်ပြားပြ၍ စာရင်းသွင်းနိုင်သည်။ ပြိုင်ပွဲဝင်ဦးရေ ၁၀၀ သာ လက်ခံမည်ဖြစ်ပြီး စာရင်းသွင်းသည့်အချိန်တွင် လေ့လာရန် သတ်မှတ်ထားသော စာအုပ်စာတမ်းများနှင့် မီးငြိမ်းပြုပစ္စည်းများကို ထုတ်ယူရရှိနိုင်သည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ ဖုန်း-၀၁-၃၇၈၈၆၃၊ ၀၁-၃၈၀၈၉၉၊ ၀၉၈၀-၂၁၈၀၂ သို့လည်းကောင်း၊ ဒေါက်တာစိုးဝင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့(ပုသိမ်) ဖုန်း-၀၄၂-၂၂၃၀၈၄ သို့လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီမံခန့်ခွဲရေး၊ အဆင့်မြင့်စက်ချုပ်နှင့် ကနုကမာကျောက်စီပန်းချီသင်တန်းဆင်း ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၅)ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင်ကျင်းပသော စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၂၁)၊ အိမ်တွင်းမှု အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၇)၊ ကနုကမာကျောက်စီပန်းချီသင်တန်း အမှတ်စဉ်(၂) သင်တန်းများ ဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းဆင်းလက်မှတ်ပေး

စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၂၁)တွင် စံပြသင်တန်းသူဆုရရှိသော ဒေါ်စန္ဒာထွန်း(ဒုတိယဦးစီးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်)အားလည်းကောင်း၊ အိမ်တွင်းမှု အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၇)တွင် စံပြသင်တန်းသူဆုရရှိသော ဒေါ်ယဉ်ယဉ်ထွေး(အကူနည်းပြ၊ မင်းတပ်အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း) အား လည်းကောင်း၊ ကနုကမာကျောက်စီပန်းချီသင်တန်း အမှတ်စဉ်(၂)တွင် စံပြသင်တန်းသူဆုရရှိသော ဒေါ်နီနီသင်း(နည်းပြ၊ မြဝတီအမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း)အားလည်းကောင်း ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူခေါင်းဆောင်သို့ ပေးအပ်သည်။

စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၂၁)သို့ ဦးစီးဌာနများမှ သင်တန်းသူ ၂၁ဦး၊ အိမ်တွင်းမှုအဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၇)သို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ၁၈ဦး၊ ကနုကမာကျောက်စီပန်းချီသင်တန်းအမှတ်စဉ်(၂)တွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ကိုးဦး စုစုပေါင်းသင်တန်းသူ ၄၈ဦး တက်ရောက်အောင်မြင်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၂ပတ်ဖြစ်သည်။

ကြည့်ရှုအားပေး

သင်တန်းများ ဆင်းပွဲအပြီးတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် အဖွဲ့သည် ကနုကမာကျောက်စီပန်းချီ သင်တန်းဆင်းများ၏ လက်တွေ့ကနုကမာကျောက်စီခြင်းနှင့် အိမ်တွင်းမှု အဆင့်မြင့်စက်ချုပ် သင်တန်းသူများ ချုပ်လုပ်သော အဝတ်အထည်များအား ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးအနိုင်ရရှိ

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ကမ္ဘောဇအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကာကွယ်ရေးဝန်ကြီးဌာနအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၅ မိနစ်တွင် အောင်ချမ်းမင်းက သွင်းယူပေးသည်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအတွက် ဒုတိယဂိုးကို ၃၃မိနစ်တွင် ကျော်မင်းသက်က သွင်းယူပေးသည်။ ပထမပိုင်းအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ကမ္ဘောဇအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၄၈မိနစ်တွင် လင်းဇော်ထိုက်က သွင်းယူပေးသည်။ ကမ္ဘောဇအသင်းက ချေပဂိုးသွင်းပြီး တစ်မိနစ်အကြာ ပွဲချိန် ၄၉မိနစ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအတွက် တတိယဂိုးကို ကျော်ကျော်မောင်က သွင်းယူသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ဆောက်လုပ်ရေးအသင်းနှင့် မလိခအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဆောက်လုပ်ရေးအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အမှတ်ရရှိမှု

ယနေ့ပွဲစဉ်များအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ၁၃ပွဲကစား (၂၆)မှတ်၊ ဆောက်လုပ်ရေးအသင်းက ၁၂ပွဲကစား (၂၂)မှတ်၊ ကမ္ဘောဇအသင်းက ၁၄ပွဲကစား (၁၃)မှတ်၊ မလိခအသင်းက ၁၂ပွဲကစား (၃)မှတ် ရရှိထားကြသည်။

ယနေ့ပွဲ

ဧပြီ ၉ရက်**(ယနေ့)**ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပြည်ထဲရေးအသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်း၊ ပဒေသာအားကစားကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် တပ်မတော်(ကြည်း)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

မြန်မာနှစ်ဆန်းတစ်ရက် သောက်ရေသန့်ဒါနပြုပွဲ

ရန်ကုန် ဧပြီ ၈

၁၃၆၇ခုနှစ် တန်ခူးလဆန်း ၉ ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဧပြီ ၁၇ရက်(တနင်္ဂနွေနေ့)တွင် ရွှေတိဂုံစေတီတော်အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ်စောင်းတန်းအနီး ဝေနေယျသုခမ္မောရုံနှင့် ရွှေတိဂုံစေတီတော်အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့အနီးမှနေ၍ ဝေနေယျသုခရေချမ်းစင်အသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် သောက်ရေသန့်ဘူးပေါင်း သုံးသောင်းကျော် (ကျပ် ၁၅သိန်းကျော်ဖိုး)ကို တစ်နေကုန် စတုဒိသာဒါနပြုလှူဒါန်းမည်။ ရာသက်ပန်သောက်ရေသန့်ရေပဒေသာပင် တစ်ပင်လျှင် အနည်းဆုံးကျပ် တစ်သောင်းနှုန်းဖြင့် ဖုန်း-၃၈၃၅၁၁(လိုင်းခွဲ)၁၇၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာတစ်လွှား အားကစား

ယူအီးအက်ဖ်အေ ကွာတားဖိုင်နယ် ပွဲစဉ်များယှဉ်ပြိုင် နယူးကာဆယ်အနိုင်ရ၊ ပါးမားသရေပွဲနှင့်ကြုံ

မော်စကို ဧပြီ ၈

ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပထမအကျော့ပွဲစဉ်များကို စတင်ကစားရာ နယူးကာဆယ်အသင်းက စပို့တင်းလစ္စဘွန်း အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး စီအက်စ်ကေအေမော်စကို အသင်းက အော့ဇေးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့သည်။ အေဇက်အယ်ခမာ အသင်းက ဗီလာရီးယဲလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရကာ ဗီယင်နာအသင်းနှင့် ပါးမားအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့ကြသည်။

နယူးကာဆယ်နှင့် စပို့တင်း

နယူးကာဆယ်ကွင်း စိန့်ဂျိန်းပတ်၌ ကစားရသော နယူးကာဆယ်အသင်းသည် မိမိကွင်း၊ မိမိပရိသတ်ရှေ့တွင် အသင်းခေါင်းဆောင် အလန်ရှီးယားသွင်းယူသောဂိုးဖြင့် အောင်ပွဲဆင်နိုင်ခဲ့သည်။ အလန်ရှီးယား၊ ဆိုလာအမီယိုဘီ၊ စတီဗင်တေလာနှင့် လောရင့်ရောဘတ်တို့ နားလည်မှုရှိရှိဖြင့် ရသည့်အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် အသုံးချခဲ့မှုကြောင့်လည်း ဂိုးရရှိခဲ့ခြင်း ဖြစ်သည်။

စပို့တင်းလစ္စဘွန်းအသင်းမှ ဆာပင်တို၊ လိဒ်ဆင်၊ ရိချန်ဘတ်၊ ဘာဘိုဆာတို့၏ ထိုးဖောက်မှုအကြိမ်များများကိုလည်း နယူးကာဆယ်အသင်း အလယ်တန်းနှင့် နောက်တန်းတို့က ကြိုးစားဟန့်တားခဲ့ရသည်။ နယူးကာဆယ်အသင်း၏ တန်ပြန်တိုက်စစ်ဆင်ကစားမှုမှ ၃၇မိနစ်တွင် လောရင့်ရောဘတ်က အလွတ်တည်ကန်ဘောကို ဂိုးရှေ့သို့ အမြောက်ကန်တင်ပေးလိုက်သည်ကို အလန်ရှီးယားက စပို့တင်းနောက်ခံလူများကြားမှ ခေါင်းတိုက်သွင်းယူသွားခဲ့ရာ စပို့တင်းဂိုးသမား ရီကာဒို မည်သို့မျှမတတ်နိုင်ဘဲ ဂိုးပေးခဲ့ရခြင်းဖြစ်သည်။

၁၀၂ဂိုး

အလန်ရှီးယား၏ ယခုဂိုးသည် ယခုနှစ်ဘောလုံးရာသီ၌ သူ၏ ၁၉ဂိုးမြောက်ဖြစ်ပြီး နယူးကာဆယ်အသင်းအတွက် သူ၏ ၁၀၂ဂိုးမြောက်လည်း ဖြစ်သည်။

စပို့တင်းလစ္စဘွန်းအသင်း ဂိုးရရှိရေးအပြင်းအထန်ထိုးဖောက် တိုက်စစ်ဆင်ကစားသော်လည်း ဂိုးမသွင်းနိုင်ဘဲ ရှိရာ စပို့တင်းလစ္စဘွန်းအသင်း တိုက်စစ်မှူးများဖြစ်သည့် ဆာပင်တိုနှင့် လိဒ်ဆင်တို့ အပေးအယူလုပ်ပြီး ထိုးပေးလိုက်သည့်ဘောလုံးကို ကာလော့စ်မာတင်က အပိုင်ကန်သွင်းခွင့်ရသော်လည်း ကန်ချက်မမှန်ခဲ့သဖြင့် ဂိုးမရရှိဘဲအရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ယူအီးအက်ဖ်အေ ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကို စပို့တင်းလစ္စဘွန်းကွင်း၌ နယူးကာဆယ်အသင်း သွားရောက်ကစားရမည်ဖြစ်သည်။

ဗီယင်နာနှင့် ပါးမား

ပါးမားအသင်း၏ မာမာတင်းတင်း ကစားမှုကြောင့် ဗီယင်နာအသင်း ရှုံးပွဲမကြုံအောင် မနည်းကြိုးစား ကစားခဲ့ရသည်။ အိမ်ကွင်းစီဘတ်စတိန်းမီလာ၌ ဧည့်သည်ပါးမားတို့၏ ဖွေဆော်ဦးဂိုးသွင်းယူခဲ့ပြီးနောက်မှသာ လိုက်လံချေပဂိုးသွင်းယူခဲ့ရခြင်းဖြစ်သည်။ အိမ်ကွင်း၌ အဖွင့်ဂိုး စောစီးစွာသွင်းယူနိုင်ရေးအတွက် ဗီယင်နာ တိုက်စစ်မှူးများဖြစ်သည့် ရပ်ဖရက် ဗက်စတစ်၊ မီလာ၊ ဗာချော့ဆစ်ခ်တို့ ထိုးဖောက်ဂိုးသွင်းနိုင်အောင် ဘလင့်ချတ်နှင့် ကီဆီနီနာတို့က အကွက်ဆင် ပို့ပေးသော်လည်း ပါးမားခံစစ်ကြောင်းကို မထိုးဖောက်နိုင်ခဲ့ပေ။

ပါးမားအသင်းတန်ပြန်တိုက်စစ်မှ ၃၄မိနစ်တွင် တိုက်စစ်မှူး ပီဆာနုက နောက်ခံလူများကို ဖြတ်ကျော်ကာ ဗီယင်နာ ဂိုးသမားဆာဖာ ဖြတ်လုနေသည့်ကြားမှ ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိသွားခဲ့သည်။ ဗီယင်နာ၏ ချေပဂိုးကိုကီဆီနီနာအစား လူစားဝင်ကစားသူ ဒိုဆမ်နှ ညာခြမ်းမှ ခုတ်တင်ပေးလိုက်သည့် ဘောလုံးကို ၆၁မိနစ်တွင် မီလာက ကန်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့ပြီး တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရခြင်း ဖြစ်သည်။

ဗီလာရီးယဲလ်နှင့်အေဇက်အယ်ခမာ

ယူအီးအက်ဖ်အေဖလား ယခုနှစ်ဘောလုံးရာသီ ပွဲစဉ်များအဖြစ် အိမ်ကွင်း ငါးပွဲကစားပြီး ငါးပွဲစလုံး အနိုင်ရထားသော ဗီလာရီးယဲလ်လည်း ယခုကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်တွင် အိမ်ကွင်း၌ ပထမဆုံး ရှုံးပွဲကြုံခဲ့ရပြီဖြစ်သည်။ ဧည့်သည်အေဇက်အယ်ခမာ၏ အလယ်တန်းလူ လင့်ဇက်က ၁၂ မိနစ်တွင် အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီးနောက် ဗီလာရီးယဲလ်၏ ချေပဂိုးကို ပွဲချိန် ၁၄ မိနစ်တွင် ရီကွယ်မီးက သွင်းယူခဲ့ရာမှပွဲချိန် ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီ သရေဖြစ်နေခဲ့သည်။

ဒုတိယပိုင်းတွင် အေဇက်အယ်ခမာမှ တစ်ဂိုး ထပ်မံသွင်းခဲ့သည်။ ဗီလာရီးယဲလ်တို့အနိုင်ဂိုးရရှိရေး ကြိုးစားသော်လည်း ဖိုဂွယ်ရိုရာ၊ ဆီနာနှင့် ရီကွယ်မီးတို့ ကန်ချက်များ လွဲနေခဲ့သဖြင့် ဂိုးမသွင်းနိုင်ဘဲ ရှုံးနိမ့်ခဲ့သည်။

စီအက်စ်ကေအေနှင့်အော့ဇေး

မိမိကွင်းလိုကိုမိုတစ်၌ စီအက်စ်ကေအေတို့ ဂိုးပြတ်သွင်း အနိုင်ယူခဲ့သည်။ စီအက်စ်ကေအေ၏ ထိုးဖောက် တိုက်စစ်ဆင်မှုကို အော့ဇေး နောက်တန်း တောင့်ခံနိုင်ခြင်းမရှိရာ ၂၁ မိနစ်တွင် အိုဒတ်က တစ်ဂိုး၊ ၆၃ မိနစ်တွင်ပယ်နယ်တီ ပြစ်ဒဏ်ဘောမှ တစ်ဆင့် အီနာရီဘတ်က တစ်ဂိုး၊ ၇၁မိနစ်တွင် ဗက်နာလစ်က တစ်ဂိုး၊ ၇၇မိနစ်တွင် ဂူဆေ့ဗ်က တစ်ဂိုး ဆက်တိုက်သွင်းယူခဲ့ကြပြီး လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ အော့ဇေးတို့ ချေပဂိုး တစ်ဂိုးမျှ ပြန်မသွင်းနိုင်သည့်အပြင် ၈၂ မိနစ်တွင် နောက်ခံလူ မက်နော့အနီကတ်ပြ အထုတ်ခံခဲ့ရပြီး ရှုံးနိမ့်ခဲ့ရသည်။ **(အင်တာနက်)**



ယူအီးအက်ဖ်အေဖလားကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် နယူးကာဆယ်နှင့် စပို့တင်းလစ္စဘွန်းတို့ပွဲတွင် နယူးကာဆယ်မှ အလန်ရှီးယား (ဝဲ) နှင့် စပို့တင်းမှ ရိချန်ဘတ်တို့ ဘောလုံးယှဉ်လုစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယူအီးအက်ဖ်အေဖလားကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် ဗီယင်နာနှင့် ပါးမားတို့ ပွဲတွင် ဗီယင်နာမှ မီလာ ထိုးဖောက်မှုကို ပါးမားမှ ကောရီရာ (ဝဲ)လိုက်လံ ဟန့်တားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မွေးနေ့ဆုမွန်လွှာ

ချစ်သားလေး **စည်သူကိုကို(ခ)ငဲငဲ**၏ ၉-၄-၂၀၀၅ရက် တွင်ကျရောက်သော (၃)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်(၁၂၀) ကျော်တိုင် လိုအင်ဆန္ဒပြည့်ဝစွာဖြင့် နိုင်ငံ့အကျိုး၊ သာသနာ့ အကျိုးသယ်ပိုးနိုင်ပြီး လိမ္မာယဉ်ကျေး၊ ထူးချွန်ထက်မြက် သော သားကောင်းရတနာ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက် ...။

ဘွားဘွား – ဒေါ်မြစိန်
ချစ်သော – ဖေဖေ၊ မေမေ
ကိုကြီး – ရဲမင်းကိုကို
ကိုလတ် – ဗိုလ်လောင်းသီဟကိုကို
မမ – စောသီရိကိုကို(မချောစု)
ချစ်သော – ပါပါအမ်၊ ပါပါဖိန်း၊အဒေါ်၊
အစ်မများ(လားရှိုး)
ချစ်သော – ဦးလေးစိုးနှင့်အစ်ကိုများ(လားရှိုး)။



ကျေးဇူးဆပ်ပါမည်

ပိုင်ရှင်ဦးမြလှိုင် ယာဉ်အမှတ် ၃ခ/၂၅၇၇ နှင့် ပိုင်ရှင် ဦးဖြိုးမြတ်လှိုင် ယာဉ်အမှတ် ၅က/၈၈၈၃ တို့၏ ဓာတ်ဆီဝယ်ယူခွင့် စာအုပ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ ပြန်လည်ပေးပို့က ကျေးဇူးဆပ်ပါမည်။

ဖုန်း–၀၉–၉၉–၂၁၅၈၃။

မီး သတိပြု

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ် ဧပြီလအတွက်
(၁၀–၄–၂၀၀၅ ရက်နေ့) နှင့်
(၂၄–၄–၂၀၀၅ ရက်နေ့)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ မဟာသင်္ကြန်ရက်များ၌စုပေါင်းဒါနပြုမည်

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ မဟာသင်္ကြန်ရက်များအတွင်း အလှူဒါနများကို နှစ်စဉ်ကဲ့သို့ ကျင်းပမည်ဖြစ်သည်။ မဟာသင်္ကြန် အကြိုနေ့ညနေတွင် ဘိုးဘွားများ၊ အုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ စုပေါင်း၍ ဆွမ်းတော်ကြီးပွဲများ လှည့်လည်ပြီး မဟာသင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် မြတ်စွာဘုရားအား ရည်မှန်း၍ အရဏ်ဆွမ်း၊ ဆွမ်းတော်ကြီး စုပေါင်းဆက်ကပ် လှူဒါန်းကြမည်ဖြစ်သည်။

အမျှဝေမည်

မဟာသင်္ကြန် အကြိုနေ့မှ မြန်မာနှစ်ဆန်း တစ်ရက်နေ့အထိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများက ဘိုးဘွားများအား နေ့စဉ် အထူးကျွေးမွေးလှူဒါန်းကြပြီး မြန်မာနှစ်ဆန်း တစ်ရက်နေ့ နံနက်ပိုင်းတွင် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြမည်ဖြစ်သည်။

ကုသိုလ်ယူ

နှစ်ဆန်း တစ်ရက် နံနက် ၇နာရီမှစ၍ စေတနာရှင်များက ဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းရေး ကုသိုလ်ယူဆောင်ရွက်ပေးကြမည်ဖြစ်ပြီး ညနေပိုင်းတွင် ငါးကောင်ရေ ၄၀၀၀ကို ဘိုးဘွားများက စွယ်တော်မြတ်စေတီ မင်္ဂလာကန်တော်ကြီးတွင် ဇီဝိတဒါန ဘေးမဲ့လွှတ်ကြမည်ဖြစ်သည်။ဆက်လက်၍ ရိပ်သာဝင်းအတွင်းသို့ ကြွရောက်တော်မူလာကြသော ပင့်သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဖြစ်ပြီး အဋ္ဌရာယ်ကင်းပရိတ်တရားတော်များ နာကြားကြကာ အလှူရှင်များအား မဟာသင်္ကြန်ကာလအတွင်း ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ မုန့်လုံးရေပေါ် စသည့် မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများဖြင့် စေတနာ ကျွေးမွေးလှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဘိဓမ္မာ သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၈

ဗဟန်းမြို့နယ် အာဇာနည်လမ်း(ရွှေတိဂုံဘုရားအရှေ့ဘက်) ရှင်သာမဏေ ဓမ္မဗိမာန်ကြီး၌ သာသနာ့ဝန်ဆောင် အဖွဲ့က အဘိဓမ္မာသင်တန်းများကို မေ ၁ရက် (တနင်္ဂနွေနေ့)မှ စ၍ အပတ်စဉ် စနေနေ့နှင့်တနင်္ဂနွေနေ့များတွင် နံနက် ၈နာရီမှ ၁၀နာရီအထိ အဘိဓမ္မာ(ရိုးရိုး)သင်တန်းကိုလည်းကောင်း၊မွန်းလွဲ ၁၂နာရီခွဲမှ ၂နာရီအထိ ဋီကာကျော် သင်တန်းကိုလည်းကောင်း ဦးတင်ဝင်းနှင့် ဦးမောင်မောင်(ဟံသာဝတီ)တို့က ပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီးပွားကူးသန်းဂျာနယ် အတွဲ(၅)၊အမှတ်(၅)ဖြန့်ချိ

ရန်ကုန် ဧပြီ ၈

အသွင်သစ်ဖြင့် ထုတ်ဝေလိုက်သည့် The Commerce Journal အတွဲ(၅)၊ အမှတ်(၅)တွင် ဆရာမောင်စူးစမ်း၏ စတုတ္ထစနစ်ပေါ်မည်လော၊ ဆရာအောင်သင်း၏ ကျွန်တော်ကျောင်းဆရာ၊ ဒေါက်တာခင်မောင်ညို၏ ပညာခေတ်နှင့် ရှေ့ဆက်ရမယ့်ခရီး၊ မောင်တိုင်ပင်၏ ပြည်ပပို့ကုန်သီးနှံ၊ ကန့်သတ်သီးနှံဖြစ်ရင်၊ အောင်စိုး(MPM)၏ စားသုံးမှုကျော်တက်သွားတဲ့ တရုတ်နိုင်ငံ၊ ဟံသာထွန်း၏ Maxxisကြော်ငြာပြီ၊ မောင်သစ်ဦး၏ စင်ကာပူ–မလေးရှား စီးပွားရေးကွင်းဆက်၊ ကြည်ရွှန်း၏ ကမ္ဘာ့ဒုတိယအချမ်းသာဆုံး စတော့ပွဲစား စသည့် သုတ/ရသ ဆောင်းပါးများဖြင့်ဝေဝေဆာဆာဖော်ပြထားပြီး အမှတ်(၃၈) လမ်း ၃၀ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)





ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ်

စာရေးသူသည် စက်လှေကြီးတစ်စင်းဖြင့် နံနက်ခင်း၏ နေခြည်နုထွေးထွေးအောက်တွင် နှင်းမှုန်များကြားမှ ကစ္ဆပနဒီမြစ်ကြီး၏ အဆန်ခရီးကို လိုက်ပါခဲ့သည်။ စက်လှေသည် တငြိမ့်ငြိမ့်ခုတ်မောင်းနေခဲ့သည်။ လေနုအေးတိုက်ခတ်မှုကြောင့် မြစ်ပြင်၏လှိုင်းကြက်ခွပ်ကလေးများသည် နေရောင်ဖြင့် ရောင်ပြန်ဟပ်နေသည်။ မြစ်ပြင်၏တစ်ဖက်ရှိ ချုံနွယ် သစ်ပင်များကို ကမ်းတစ်လျှောက်သာယာသော ရှုမျှော်ခင်းအဖြစ် မြင်တွေ့နေရသည်။ မြစ်၏ နန်းပြင်တွင် အုပ်လိုက်၊ အဖွဲ့လိုက် အစာရှာဖွေ စားနေကြသည့် တောဘဲအုပ်များလည်း ဟိုတစ်စု၊ ဒီတစ်စုဖြင့် ဆေးပန်းချီ ရေးမမီနိုင်အောင် လှနေသည်။ မြစ်၏တစ်ဖက်ကမ်းရှိ မြင့်မားသော ရိုးမတောင်တန်းကြီးကို မျှော်ငေးနေမိသည်။ အလွန်သာယာသော ရခိုင်ပြည်နယ်၏ သဘာဝရှုခင်းတွေကို ရှုမြင်နေရသည်။

တောင်လည်းသာမော တောလည်းသာထွေ ဖြစ်နေသည်။ ဘဲငါးရာတောင်တန်းကြီး မှိုမှိုမောက်မောက်ကို စက်လှေပေါ်မှ လှမ်းမြင်နေရသည်။ ဤရိုးမတွင် အမြင့်ဆုံးသော ဘဲငါးရာတောင်ထိပ်ကို အစွဲပြု၍ ဘဲငါးရာ ရိုးမတောင်တန်းဟု ခေါ်တွင်ကြသည်။ ကစ္ဆပနဒီသည် ပြည်ထောင်စု၏ ကြယ်တစ်ပွင့် ဖြစ်သော ရခိုင်ပြည်နယ်၏ အရေးကြီးအသုံးဝင်သော အသက်သွေးကြောမြစ်တစ်သွယ် ဖြစ်၏။ ကစ္ဆပနဒီဟု ရှေးအခါက အမည်တွင်ခဲ့သော်လည်း ယခုအခါတွင် ကုလားတန်မြစ်ဟု ခေါ်သည်။ ယင်းကုလားတန်မြစ်သည် မြန်မာနိုင်ငံ မြောက်ပိုင်း ချင်းပြည်နယ်မှ မြစ်ဖျားခံကာ ထရောဘာအမည်ဖြင့် စီးဆင်းလာသည်။ ချင်းပြည်နယ် လူရှည်တောင်နှင့် အိန္ဒိယပြည် ချက်လက်တလန်တောင်များမှ မြစ်ဖျားခံသည့် ဘွေနုမြစ်အဖြစ် အိန္ဒိယမြစ်ထဲသို့ စီးဆင်းသွားကာ အိန္ဒိယမြစ်ထဲသို့ လက်တက်များ ပေါင်းဆုံပြီး ကုလားတန်အမည်ဖြင့် မိုင်၃၀၀ ခန့်စီးဆင်းလာကာ စစ်တွေမြို့အနီးတွင် ဘင်္ဂလားပင်လယ်အော်ထဲသို့ စီးဝင်သည်။

ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး အတွက် နိုင်ငံတော်က လမ်း၊ တံတားများစွာကို တည်ဆောက်ပေးလျက် ရှိသည်။ လွန်ခဲ့သည့် သုံးနှစ်ခန့်ကပင် ရန်ကုန်-စစ်တွေလမ်းကြီးကို လမ်းအမာခံလမ်း၊ မြေသားလမ်း စုစုပေါင်း လမ်းမိုင်အရှည် ၈၉၄မိုင် ဖောက်လုပ်ပေးခဲ့ပြီးဖြစ်သည်။ လမ်းဖောက်ရာတွင် လမ်းကြောင်းပေါ်ရှိ တံတားများအနေဖြင့် ၂၅၁၃ပေအရှည်ရှိ ကစ္ဆပနဒီ တံတား၊ ၂၀၀၃ပေ အရှည်ရှိ မင်းချောင်းတံတားကြီး အပါအဝင် ပေ ၁၈၀အထက် တံတားကြီးစာရင်းဝင် တံတားပေါင်း ၂၇ စင်းတည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

ဆက်လက်ပြီး ၂၇၀၄ ပေ အရှည်ရှိ မင်းကြောင်းတံတားကြီး၊ ၁၁၅၄ပေ အရှည်ရှိ လုံးတော်ပေါက် တံတားများအပါအဝင် တံတားကြီး ငါးစင်းကိုလည်း တည်ဆောက်ပေးလျက် ရှိနေသကဲ့သို့ ဆက်လက်ပြီး တံတားကြီး လေးစင်းကိုလည်း တည်ဆောက်ရန် လျာထားပြီးဖြစ်သည်။ ထို့အပြင် ရခိုင်ပြည်နယ်အတွင်း တည်ဆောက်ပေးထားသည့် တံတားအလတ်စား၊ အသေးစား များစွာရှိသည်။

စစ်တွေမှ ရန်ကုန်မြို့သို့ စစ်တွေ-မြောက်ဦး-အမ်း-မင်းဘူး-မကွေး လမ်းမကြီးဖြင့် လည်းကောင်း၊ စစ်တွေ-အမ်း-တောင်ကုတ်- ပန်းတောင်း- ပြည်လမ်းမကြီးဖြင့် လည်းကောင်း၊ စစ်တွေ-အမ်း-တောင်ကုတ်- သံတွဲ-ဂွ- ငါးသိုင်းချောင်းလမ်းမကြီးဖြင့် လည်းကောင်း မော်တော်ယာဉ်ခရီးဖြင့် တောက်လျှောက် သွားလာနိုင်ပြီဖြစ်သည်။

ထို့အပြင် ရန်ကုန်-ကျောက်ဖြူ လမ်းမကြီးကိုလည်း ဖောက်လုပ်ပေးလျက်ရှိရာ ယင်းလမ်းမကြီးပေါ်ရှိ မအီ-ကျောက်ဖြူ လမ်းပိုင်းရှိ နွံ့ညွန်တောကြီးကို ခေတ်မီ(Geotextile)နည်းဖြင့် ခဲရာခဲဆစ် ဖောက်လုပ်ပေးလျက်ရှိသည်။

၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရခိုင်ပြည်နယ်သို့ ရောက်ရှိစဉ် စစ်တွေတပ်နယ် အစည်းအဝေးခန်းမတွင်-

“ရခိုင်ပြည်နယ်သို့ မိမိယခုကဲ့သို့ ရောက်ရှိလာခြင်းသည် ပြည်နယ်၏ အခြေအနေ အရပ်ရပ်ကို လေ့လာသိရှိပြီး ပိုမို တိုးတက်ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်သည် ရေမြေသဘာဝ သယံဇာတ အခြေအနေကောင်းသော ဒေသဖြစ်၍ ဖိဖိစီးစီးကြိုးစားဆောင်ရွက်လိုပါက ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်လာပြီး ပြည်နယ်တစ်ခုလုံးသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်၏ သဘာဝမြေ အနေအထားနှင့် မိုးရွာသွန်းမှုအခြေအနေတို့အရ ရော်ဘာ စိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း၊ ရော်ဘာသည် ယနေ့ပြည်ပဈေးကွက်တွင် ဈေးကောင်းရရှိလျက်ရှိပြီး ခေတ်အဆက်ဆက် ဈေးကွက်ရှိသဖြင့် မတိမ်ကောနိုင်သည့် စက်မှုကုန်ကြမ်းအမျိုးအစားဖြစ်ကြောင်း၊ ရော်ဘာကို တစ်အုပ်တစ်မ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ပြည်ပဝင်ငွေ ရရှိနိုင်သည့်အပြင် ပြည်နယ်အတွင်းရှိ လူတစ်ဦးချင်း၏ဝင်ငွေသည်လည်း သိသိသာသာတိုးလာမှာဖြစ်ကြောင်း၊ ဂရုတ်ကောင်း စိုက်ပျိုးမှုမှာ ပြည်နယ်အတွင်း အခြေခံရရှိပြီး ဖြစ်၍ ထပ်မံ အားထည့် တိုးချဲ့ စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း”

လမ်းညွှန် မှာကြားခဲ့သည်။

တပ်မတော်သည် နိုင်ငံတော်ကို တာဝန်ယူသည့် ကာလမှစ၍ **“ရိုးမကို ရွှေဖြူလွှမ်းရမည်”** ဟူသော ဆောင်ပုဒ်ကို လက်တွေ့ အကောင်အထည်ဖော်နေသည်။ ရခိုင်ပြည်နယ်သည် ရွှေဖြူပြည်နယ် ဖြစ်ရမည်။

ရခိုင်ပြည်နယ်အတွင်း နေထိုင်နေသည့် တိုင်းရင်းသားများ၏ ပညာရေး အခွင့်အလမ်းများ တိုးတက်ကောင်းမွန်စေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ပေးလျက်ရှိသကဲ့သို့ အဆင့်မြင့်ပညာရပ်များ လွယ်လွယ်ကူကူ သင်ကြားနိုင်ရေးအတွက် စစ်တွေမြို့တွင် စစ်တွေတက္ကသိုလ်၊ အစိုးရကွန်ပျူတာကောလိပ်နှင့် အစိုးရနည်းပညာကောလိပ်တို့ကို တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

ကျန်းမာရေးကဏ္ဍတွင်လည်း ဒေသနေပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုအဆင့် တိုးမြှင့်ပေးနိုင်ရေးအတွက် ခုတင် (၂၀၀)ဆံ့နှင့် ခုတင် (၁၀၀)ဆံ့ အထူးကုဆေးရုံကြီးများကို ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါ ဆေးရုံများတွင် ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်း၊ ဆေးဝါးနှင့် ပစ္စည်းကိရိယာများကို ဖြည့်ဆည်းပေးလျက် ရှိသည်။

ရခိုင်ပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေလှောင်တမံနှင့် မြစ်ရေတင်စီမံကိန်းများဖြင့် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိရာ ဝမ်းစာဖူလုံရေးမှ ထပ်ဆင့်ပိုလျှံသည်အထိ ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်အတွင်း နေထိုင်နေသည့် တိုင်းရင်းသားများ၏ ပညာရေး အခွင့်အလမ်းများ တိုးတက်ကောင်းမွန်စေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ပေးလျက်ရှိသကဲ့သို့ အဆင့်မြင့်ပညာရပ်များ လွယ်လွယ်ကူကူ သင်ကြားနိုင်ရေးအတွက် စစ်တွေမြို့တွင် စစ်တွေတက္ကသိုလ်၊ အစိုးရကွန်ပျူတာကောလိပ်နှင့် အစိုးရနည်းပညာကောလိပ်တို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ရန်ကုန်-ကျောက်ဖြူလမ်းပေါ်ရှိ ဒီးဒုတ်ပေါက်တံတားဖွင့်ပွဲအခမ်းအနားသို့ စာရေးသူတို့ရောက်ရှိခဲ့သည်။

ရခိုင်ပြည်နယ်သည် ယခင်ကာလများက အခြားပြည်နယ်နှင့်တိုင်းများ ဆက်သွယ်ရာတွင် ခက်ခဲပြီး ရေလမ်းကြောင်းနှင့် လေလမ်းကြောင်းတို့ကိုသာ အဓိကအားထား နေခဲ့ရသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် နိုင်ငံတော်က လမ်း၊ တံတားများစွာကို ဘဏ္ဍာငွေ မြောက်မြားစွာ အကုန်ခံပြီး တည်ဆောက်ပေးခဲ့သည်။ ယခုဆိုလျှင် ရခိုင်ပြည်နယ်မှ တိုင်းရင်းသားများသည် စစ်တွေ-မြောက်ဦး-အမ်း ကားလမ်းမကြီးမှတစ်ဆင့် မြန်မာပြည်အနှံ့ သွားလာနေပြီဖြစ်ပြီး တောင်ကုတ်-ပန်းတောင်းလမ်း၊ ဂွ-ငါးသိုင်းချောင်း လမ်းတို့နှင့် ပေါင်းစပ် လိုက်လျှင် နိုင်ငံနှင့်အဝန်း ဆက်သွယ်သွားလာနိုင်သည့် လမ်းမကြီး သုံးသွယ် ခိုင်ခိုင်မာမာရှိနေပြီဖြစ်သည်။ ယခုတောင်ကုတ်ကို အခြေပြုထားသည့် ရန်ကုန်-ကျောက်ဖြူ လမ်းမကြီးကိုလည်း ဖောက်လုပ်ပေးလျက်ရှိသည်။

တောင်ကုတ်-မအီ-ကျောက်ဖြူလမ်းအပိုင်းတွင် လိုအပ်သည့် ပေ ၁၈၀ အထက် မြစ်ကူးတံတား ၁၄ စင်း တည်ဆောက်ရန်ရှိသည့်အနက် ကိုင်းရှည်တံတား၊ တန်းလွှဲတံတား၊ ဆားပြင်တံတား၊ လမူးတံတား၊ မအီတံတား၊ ကျောက်ကြီးပေါက်တံတား၊ စနဲပေါက်တံတား၊ ဒီးဒုတ်ပေါက် တံတားနှင့်ဆိုလျှင် တံတားရှစ်စင်းကို တည်ဆောက်ပေးပြီး ဖြစ်သည်။

လိုအပ်သည့် တံတားအားလုံးနှင့် လမ်းလုပ်ငန်းများ ပြီးစီးသွားမည်ဆိုလျှင် အမ်း-မအီ-ကျောက်ဖြူ ကားလမ်း၊ အမ်း-မအီ-တောင်ကုတ် ကားလမ်းတို့ပေါ်ထွက်လာပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်း ဆက်စပ်သည့် ရခိုင်ကမ်းရိုးတန်းလမ်းမကြီး ရုပ်လုံးပေါ်လာမည်ဖြစ်သည်။

ထို့ပြင် ရန်ကုန်-ကျောက်ဖြူ ကားလမ်းမကြီးသည်လည်း ရန်ကုန်-စစ်တွေလမ်းမကြီးကဲ့သို့ ခိုင်ခိုင်မာမာ ထွက်ပေါ်လာတော့မည်ဖြစ်ပါသည်။ ထို့ကြောင့် အမ်းမှတစ်ဆင့်၊ တောင်ကုတ်မှတစ်ဆင့်၊ ဂွမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်း ဝင်ရောက်နိုင်သည့် ဝင်ပေါက်ကြီးသုံးခုကိုအသုံးပြုပြီး လမ်းမကြီးလေးသွယ်အထိ ကျယ်ပြန့်စွာ တိုးတက်ပေါ်ထွက်လာနေပြီ ဖြစ်သည်။ ဒီးဒုတ်ပေါက်တံတားသည် ဖောက်လုပ်ဆဲ ရန်ကုန်-ကျောက်ဖြူ လမ်းမကြီးပေါ်ရှိ အရေးပါသည့် တံတားတစ်စင်း ဖြစ်ပါသည်။

၁၉၈၈ခုနှစ်နောက်ပိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်သည့် ၁၆၉စင်းမြောက် ပေ ၁၈၀အထက် တံတားတစ်စင်း ဖြစ်သည်။ ရခိုင်ပြည်နယ်အတွက်ဆိုလျှင် ၂၈စင်းမြောက် တံတားဖြစ်သည်။

ဒီးဒုတ်ပေါက်တံတားသည် သံမဏိသံပေါင်တပ် သံကူကွန်ကရစ်တံတားဖြစ်ပြီး အရှည် ၅၉၂ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ တံတားခံနိုင်ဝန် တန် ၆၀ သတ်မှတ်ထားသည်။ ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်မည့် အခြေအနေကောင်းများရှိသည့် ကျောက်ဖြူနှင့် ရန်ကုန် ဆက်သွယ်ရာ လမ်းမကြီးပေါ်ရှိ ဒီးဒုတ်ပေါက်တံတားသည် ရခိုင်ပြည်နယ်၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုများကို များစွာအထောက်အကူပြုမည့် တံတားဖြစ်သည်။

စာရေးသူတို့သည် ကျောက်တော်မြို့နယ်သို့ ရောက်ရှိခဲ့သည်။ စာရေးသူတို့ကားလေးက ကစ္ဆပနဒီတံတား အလယ်တွင် ထိုးရပ်လိုက်သည်။ ယနေ့ ကျောက်တော်မြို့နယ်တွင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုမှ အပါအဝင် သတ်မှတ်၍လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကိုလည်းကောင်း အောင်မြင်အောင် အပတ်တကုတ် ဆောင်ရွက်နေသည်။

ထို့နောက် စာရေးသူတို့သည် ဂရုတ်ကောင်းစံပြခြံသို့ ရောက်ရှိကြသည်။ ၎င်းဂရုတ်ကောင်း စိုက်ပျိုးခြံတွင် အစေ့မှ စိုက်ပျိုးပင် နှစ်သိန်း၊ ကိုင်းကူးပင် နှစ်သိန်းပျိုးထောင်ပြီး ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦးဒေသရှိ ဂရုတ်ကောင်းစိုက်ပျိုးသူထံ ဖြန့်ဖြူးပေး၍ ယခုနှစ် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရှိရသည်။

ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ် အခြေခံပညာမူလတန်းကျောင်းရှိ ဘဲငါးရာတောင်ခြေ လယ်ယာမြေဧက ၁၀၀၀ ဖော်ထုတ်ရေး စီမံကိန်းမှာ ဂဏန်းတောင်၊ သဲတော၊ယိုးတရုတ်၊ ရှင်တော်၊ ကြံခင်း၊ ပန်းနီလာ၊ အောင်ဖြူပြင်၊ ယုံးငူကွင်း များ၌ စက်ယန္တရားများဖြင့် လယ်ယာမြေ ဖော်ထုတ်နေသည်ကို တွေ့ရှိခဲ့ရသည်။ ရခိုင်ပြည်နယ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အနောက်ဘက်အစွန်း ပိုင်းတွင်တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၁၄၂၀၀ကျယ်ဝန်းသည်။ ရခိုင်၊ ဗမာ တိုင်းရင်းသားများနှင့် ချင်း၊ မြို၊ သက်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီး၊ ကမန် စသော တိုင်းရင်းသားမျိုးနွယ်စုများ အတူတကွ ပူးပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုငယ်တစ်ခုအသွင် တည်ရှိနေသည်။ လက်ရှိလူဦးရေ ၃၀၄၅၀၀၀ခန့် ရှိပြီး စည်းလုံးညီညွတ်စွာ နေထိုင်လျက်ရှိသည်။ မွေးမြူရေးတွင် ရခိုင်ပြည်နယ်၌ ယနေ့ ပုစွန်မွေးမြူ ရေပြင်ဧက ၁၅၅၃၃အထိ ရှိနေပြီ ဖြစ်သည်။

မျက်မှောက်ခေတ် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများမှာ ဂုဏ်ယူအားတက်ဖွယ် ကောင်းလှပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု
ထာဝရသွေးလှူရှင် အဆိုပြုလွှာပေးအပ်၊ စုပေါင်းသွေးလှူဒါန်း

ကလော မတ် ၃၁

ကလောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ထာဝရသွေးလှူရှင်အဆိုပြုလွှာပေးအပ်ပွဲနှင့် စုပေါင်းသွေးလှူဒါန်းပွဲကို မတ် ၁၂ရက် နံနက် ၈နာရီခွဲက မြို့နယ်ဆေးရုံတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်မြဝင်း၊ အောင်ပန်းမြို့ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၇၀၀)ဆေးရုံအုပ် ဗိုလ်မှူးချုပ်သောင်းထိုက်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုင်းခမ်းလိုင်၊ ခရိုင်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ခင်နွဲ့ရီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးနန္ဒာလှမြင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ကြည်ကြည်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ သွေးလှူရှင်များ တက်ရောက်ကြသည်။**(အပေါ်ပုံ)**

အဆိုပြုလွှာပေးအပ်

အခမ်းအနားတွင် ထာဝရသွေးလှူရှင် ၄၄၆ ဦး၏ အဆိုပြုလွှာများကို ခရိုင်ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်နွဲ့ရီထံ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးနန္ဒာလှမြင့်က ပေးအပ်သည်။

ထို့နောက် သွေးလှူရှင် ၂၄ ဦးတို့ စုပေါင်းသွေးလှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပျော်ဘွယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပြသာယာလှပစေရန်နှင့် ပန်းခြံအမြဲမပြတ်သန့်ရှင်းသာယာလှပစေရေးအတွက် မတ် ၂၈ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်မြင့်မြင့်ကြိုင်တို့ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

သနပ်ပင်မြို့နယ် ဥက္ကဋ္ဌဦးအောင်ကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများ မတ် ၇ရက်က ဈေးအတွင်း ကျန်းမာရေးသန့်ရှင်းမှုအတွက် ဆိုင်တွင်း၊ ဆိုင်ပြင်သန့်ရှင်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာခါနန် တောင်သူလယ်သမားနည်းပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း
နှစ်နှစ်ပြည့် အခမ်းအနားနှင့် ပထမအကြိမ် သင်တန်းဆင်းပွဲကျင်းပ

ပြင်ဦးလွင် ဧပြီ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာခါနန် တောင်သူလယ်သမား နည်းပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း (Myanmar Canaan Farmers' Training Center)၏ နှစ်နှစ်ပြည့်နှစ်ပတ်လည် မင်္ဂလာ အခမ်းအနားနှင့် ၂၀၀၅ ခုနှစ် ပထမအကြိမ်တောင်သူလယ်သမား နည်းပညာဖွံ့ဖြိုးမှုသင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၁ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့နယ် ဒိုးကွင်ရွာရှိ သင်တန်းကျောင်း သင်တန်းခန်းမတွင် ကျင်းပသည်။

သင်တန်းဆင်းလက်မှတ်ချီးမြှင့်

အခမ်းအနားတွင် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်ရွှေ၊ **(WCM)**၏ဥက္ကဋ္ဌ ဒေါက်တာကင်(မ) ဘွန်အီးတို့က သင်တန်းကျောင်း၏အောင်မြင်တိုးတက်နေမှုများကို ထုတ်ဖော်ပြောကြားပြီး သင်တန်းဆင်း သင်တန်းသား ၂၉ဦးတို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်

ထို့နောက် ဆီအော အမျိုးသားတက္ကသိုလ် (Seoul National University)မှ ပေးပို့လှူဒါန်းသော စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ဘာသာရပ်စာအုပ်ပေါင်း ၄၇၁၅အုပ်ကို ဥက္ကဋ္ဌ မစ္စတာလီယန်ချန်းက မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်ရွှေသို့ ပေးအပ်သည်။ **(အပေါ်ယာပုံ)**

ပန္နက်တင်မင်္ဂလာကျင်းပ

အခမ်းအနားအပြီးတွင်ကိုရီးယားသမ္မတနိုင်ငံ ကဝိုင်ကာ (KOICA)က ဆောက်လုပ်လှူဒါန်းသော ကွန်ပျူတာခန်းမအဆောက်အအုံ အုတ်မြစ်ချမည့်နေရာတွင် ပန္နက်တင် မင်္ဂလာအခမ်းအနား ကျင်းပရာ တပ်နယ်မှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဦးဆောင်ညွှန်ကြားရေးမှူးဗိုလ်မှူးကြီးမြင့်ရွှေနှင့် ဒေါက်တာကင်(မ)ဘွန်အီးတို့က ရွှေတူ၊ ရွှေပန္နက်တို့ဖြင့် ပန္နက်တင်ပေးကြကြောင်း သိရသည်။ **(စိုက်/မွေး)**

အရန်မီးသတ် သင်တန်းဆင်းပွဲ
ကြို့ပင်ကောက်မြို့၌ ကျင်းပ

ကြို့ပင်ကောက် မတ် ၃၁

ကြို့ပင်ကောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ကြီးမှူးဖွင့်လှစ်သော မီးသတ်ပညာသင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက် နံနက် ၉နာရီက မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပသည်။

အမှာစကားပြော

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး တင်ထွန်းတို့က သင်တန်းဆင်း အမှာစကားများ ပြောကြားပြီး သင်တန်းသား ၁၁၆ဦးအား သင်တန်းဆင်းလက်မှတ်များကို တပ်စုအလိုက် ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ကျိုင်းတုံမြို့နယ်တွင်ကျန်းမာရေးစစ်တမ်းကောက်ယူ ဆေးပေးခန်းဆောက်လုပ်၊ပညာပေးဟောပြော

ကျိုင်းတုံ ဧပြီ ၂

ကျိုင်းတုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုနှင့် ကျိုင်းတုံခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မြင့်မြင့်အုန်းတို့ ဦးဆောင်၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ အမျိုးသမီး ရေးရာအသင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကျိုင်းတုံမြို့နယ် မိုင်းလန်းကျေးရွာအုပ်စု၊ ဝမ်ပိုးကျေးရွာတွင် မတ်၂၉ရက်က ကျန်းမာရေးစစ်တမ်း ကောက်ယူခြင်း၊ ကလေးငယ်များအား ကိုယ်အလေးချိန်ခြင်း၊ **(ယာပုံ)**ပေါင်မပြည့်သော ကလေးငယ်များအား နို့မှုန့်ပေးဝေခြင်း၊ သက်ကြီးရွယ်အိုအမျိုးသမီးများ၊ ကိုယ်ဝန် ဆောင်အမျိုးသမီးများ၊ ငယ်ရွယ်သူ အမျိုးသမီးများအားသံဓာတ်ပါသော ဆေးဝါးများဝေငှခြင်းနှင့် ဝမ်ပိုးကျေးလက်ဆေးပေးခန်း ဆောက်လုပ်ရာတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသည်။

ထို့အပြင် ဝမ်ပိုးဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးနှင့် ပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာတင်ရိုန်က အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့်ပတ်သက်၍ ပညာပေး ဟောပြောခဲ့ရာ ကျေးရွာသူ၊ ကျေးရွာသားအင်အား ၂၅၀ခန့် တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ်ကျန်းမာရေး)**

ရေဦး-ခင်ဦးလမ်း ကတ္တရာထပ်ပိုးလွှာခင်း

ခင်ဦး မတ် ၃၁

ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ ၁၉ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပြုပြင်တည်ဆောက်လျက်ရှိသော ခင်ဦး-သင်ပေါင်းကားလမ်းပေါ်ရှိ မိုင် ၂/၂ မှ ၂/၃ အတွင်းရှိ တံတားအမှတ် ၁/၃ ကို ကွန်ကရစ် ကြမ်းခင်းခြင်းလုပ်ငန်းနှင့် ရေဦး-ခင်ဦးလမ်း မိုင်တိုင် ၁၁/၂ မှ ၁၁/၄ အထိ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဆောက်လုပ်ရေး အင်ဂျင်နီယာ ဦးကျော်သိန်းက ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပန်းအလှပင်များစိုက်ပျိုး

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့အဝင်ဆိုင်းဘုတ် ကျောက်တိုင်ဝန်းကျင် သာယာလှပရေးအတွက် ပန်းအလှပင်များကို မတ် ၂၅ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးဌေးဝင်းနှင့် ဝန်ထမ်းများစိုက်ပျိုးကြစဉ်။ (ဝ၆၁)

ပခုက္ကူခရိုင် မြိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနက စဘောကျေးရွာအုပ်စု ထန်းငယ်တောရွာတွင် ပညာအားမာန်စာကြည့်တိုက်ကို မတ် ၂ ရက်က ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ရာ မန္တလေးမြို့ စကုတိုက်အောင်မင်္ဂလာကျောင်း ဆရာတော် ဦးပညိန္ဒ၊ မြို့နယ်ပညာရေးမှူးဦးဆန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးစောမြင့်ခိုင်နှင့် အမျိုးသားစာပေဆုရ စာရေးဆရာ ဦးနေမျိုးသန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ရွှေစေတီတစ်ထောင်ဗုဒ္ဓပူဇနီယပွဲ

လေးမျက်နှာ ဧပြီ ၄

ဧရာဝတီတိုင်း ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ချင်းလယ်ကျေးရွာအုပ်စု ဂန္ဓမာဒနတောင်တော်ရွှေစေတီတစ်ထောင်၌ အာဒိကမ္မိက၊ ပဓာနနာယက သာသနာ ပြုဆရာတော် ဘဒ္ဒန္တဝါသိဋ္ဌ မဟာထေရ် အား ဦးထိပ်ထားလျက် ၁၃၆၆ ခုနှစ် သင်္ကြန်ရက်များအတွင်း ကျင်းပမည့် (၁၆) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်၌ ဒုလ္လဘ ရဟန်းခံရှင်ပြုခြင်း၊ သီလရှင် ဝတ်ခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းနှင့် စေတီတော်နှင့် ရုပ်ပွားတော်များအား ရွှေထီးတော်တင်လှူခြင်း၊ အနေကဇာတင်လှူပူဇော်ခြင်းနှင့် အသစ်ထပ်မံတည်ထားမည့် စေတီတော်များအား အုတ်မြစ်စီမည်ဖြစ်သည်။ လှူဒါန်းလိုသူများ ဒေါ်မုန်း- ဖုန်း-၅၇၁၁၅နှင့် ဦးမောင်လှ-ဖုန်း-၀၉-၉၉၂၁၀၆၅ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ရန်ဂေါပကအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ - ထောင်တစ်နှစ်
၂။ ကစားသူ - ထောင်သုံးနှစ်
၃။ ထုတ်လုပ်ရောင်းချသူ - ထောင်ငါးနှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
(ခ) ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအားထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇း၀၀ နာရီမှ ၁၈း၀၀ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာအရေးယူခံရမည်ဖြစ်ပါသည်။ **ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။**

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

Happy Birthday

မှုံနှံသာရွှေမိုး (ခ) Rose Martha
(I.L.B.C)

သမီးလေး၏ ၉-၄-၂၀၀၅ရက်မှာ ကျရောက်တဲ့ ခုနစ်နှစ်မြောက် မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းနှင့် ပြည့်စုံသော သမီးကောင်းရတနာလေး ဖြစ်ပါစေ။

ချစ်ဖေဖေ- ရွှေမိုးထိုက်
ချစ်မေမေ- နီလာထွန်း(ခ)Rose Mary။

ဦးထင်ဇော် (ညွှန်ကြားရေးမှူး၊တရားရုံးချုပ်)

ထွက်ပြီ

တရားမလက်တွေ့အသုံးချမှတ်စုများ အမှတ်(၇)

ဖြန့်ချိရေး/ဖိုးဝ ဥပဒေစာပေ
အမှတ်-၉/၁၁၊ ၃၆လမ်း(လမ်းတို)၊ ဘဏ်(၁)အနောက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၇၂၁၈၂၄၊ ၆၆၃၀၄၉။

၂၀၀၅ ခုနှစ် မဟာသင်္ကြန်အထူးအစီအစဉ်

စခန်းသာ ရန်ကုန်ဘူတာကြီးမှ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မိတ်ဟောင်း၊ မိတ်သစ်များအားလုံး အဆင်ပြေပျော်ရွှင်စွာ စားသုံးနိုင်ရေးအတွက် **မန္တလေးတူးတူး မြန်မာထမင်းဆိုင်**နှင့်အတူ လက်ဖက်ရည်၊ ကော်ဖီ၊ အအေးမျိုးစုံ၊ တရုတ်စားသောက်ဖွယ်ရာ အစုံစုံတို့ဖြင့် နံနက် ၁၀း၀၀နာရီမှ ၁၇း၀၀ နာရီအထိ ဖွင့်လှစ်ရောင်းချပေးပါမည်။

သင်္ကြန်မဏ္ဍပ်များအတွက်လည်း မြန်မာထမင်းဟင်း၊ ဒံပေါက်၊ထမင်းကြော်၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော်စသည်တို့ကိုလည်း အော်ဒါစနစ်ဖြင့် ကြိုတင်ဆက်သွယ် မှာကြားနိုင်ပါသည်။

(အော်ဒါများကို မဏ္ဍပ်အရောက် ပို့ပေးပါမည်။)

မန္တလေးတွင်လည်း တူးတူးထမင်းဆိုင် ကို သင်္ကြန်ကာလအတွင်း ဖွင့်လှစ်ထားပါသည်။

ကျေးဇူးတင်စွာဖြင့်

စခန်းသာမိသားစု၊ ရန်ကုန်ဘူတာကြီး

ဖုန်း-၂၄၉၅၁၈၊ ၂၄၉၅၁၉၊ ၂၅၃၀၁၁၊ ၀၉ ၈၀ ၂၂၃၈၈။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး

တင်ဒါများဖိတ်ခေါ်ခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာကောလိပ် ကျောက်ဆည်တွင် တည်ဆောက်မည့် သံရည်ကျိုစက်ရုံ အဆောက်အအုံတစ်လုံးနှင့် တည်ဆောက်ရန်အတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို (BQ) နှင့်တကွ ပူးတွဲတင်ပြရမည်၊ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်မှ အကူအညီ ရယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန် အချက်အလက်များကို အောက်ပါလိပ်စာမှ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အမှတ်(၁၂၃)၊နတ်မောက်လမ်း၊
ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၅၄၂၈၇၃၊ ၅၄၃၃၃၆။

၅။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အထက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ရောင်းမည်/ငှားမည်

ပြည်လမ်းမကြီးဘေး၊ ကိုးမိုင်၊ မရမ်းကုန်း၊ ခေတ်မီ ငါးထပ်တိုက်၊အဆင့်မြင့်ပြင်ဆင်ပြီး ပေ၃၀ × ၄၈ပေ။ အမည်ပေါက်ဂရန်မြေ၊ ရေ၊ မီး၊ ဖုန်း။ **စုံစမ်းရန် ဖုန်း-၂၂၁၂၀၆။**



မြန်မာ့ငါးပိရည်ကျို စစ်စစ်ကို ကြိုက်နှစ်သက်သူများအတွက် မြန်မာပြည်တွင် ပထမဆုံး ခေတ်မီသန့်ရှင်းစွာ တီထွင်ထုတ်လုပ်လိုက်သော

ထွန်းဇော
Ready Made ရေချိုငါး ငါးပိ

ရေနွေး(သို့)သာမန်ရေဖြင့် ဖျော်၍သုံးဆောင်နိုင်ပါပြီ။ ငါးပိရည်ဖျော်အပြင် အခြားအမျိုးမျိုးလည်းသုံးစွဲနိုင်ပါသည်။

ဖြန့်ချိရေး- ခြသေ့်ညီနောင် ကုန်ခြောက်မျိုးစုံရောင်းဝယ်ရေး
ဖုန်း-၂၄၀၆၀၀၊ လိုင်းခွဲ-၂၃၂/၃၉၈။
ဖြန့်ချိရေး- မြန်မာ့ရွှေဟင်္သာစားသောက်ကုန်လုပ်ငန်း
ဥသာမြို့သစ်၊ ပဲခူးမြို့။
ဖုန်း-၀၅၂-၂၁၉၄၇၊ ၂၄၂၉၇။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ် တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထားဝယ်တပ်နယ် အောင်ဆန်းခန်းမ၌ ထားဝယ်တပ်နယ် အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများ၊ ထားဝယ်ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား လမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

ခေတ်မီနိုင်ငံထူထောင်ရာ၌ တိုင်းရင်းသားလုပ်ငန်းရှင်များ အခန်းကဏ္ဍအရေးကြီး တာဝန်ကျေပွန်သော လုပ်ငန်းရှင်များအပေါ် နိုင်ငံတော်က ရဲဘော်ရဲဘက်သဘောထား လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လုပ်ငန်းရှင်များက ပွင့်ပွင့်လင်းလင်းတင်ပြ

● ရှေ့ဖုံးမှ

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဧပြီ ၆ ရက် ညနေ ၃ နာရီတွင် လေယာဉ်ဖြင့် ကော့သောင်းမြို့မှ ထားဝယ်မြို့သို့ ရောက်ရှိသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ထားဝယ်လေဆိပ်တွင် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစန်းမြင့်ဦး၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးမောင်မောင်ဝင်း၊

စာမျက်နှာ ၇ ကော်လံ ၁ ✡

ဧပြီ ၆ ရက်က တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ရှိ ယုဇန ကုမ္ပဏီလီမိတက်၏ တစ်နာရီတန် ၃၀ ကျ ဆီအုန်း ဆီကြိတ်စက်ရုံကို တွေ့ရစဉ်။

(သတင်းအကျယ်-၆) (သတင်းစဉ်)